


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပဉ္စ ဂုဏ် အပယ် ဝန္ဒာမိ

ရဲဇော်အောင် – ကျောက်လက်ဝါးနှင့် ခွေးကလေးဆဲစား


| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | – | ၉၁၃/၂၀၀၄ (၉) |
| စာမူခွင့်ပြုချက်အမှတ် | – | ၇၄၉/၂၀၀၃ (၆) |
| ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ ၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၅၀၀ ကျပ် |
| အဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဒေါ်မြင့်မြင့်တင် (မြင့်သီရိ ပုံနှိပ်တိုက်) အမှတ် (၂၀၈)လမ်း-၃၀၊ ပန်းဘဲတန်း။ ရန်ကုန်မြို့ ။ |
| ထုတ်ဝေသူ | – | ဦးလှနိုင် (ဖြိုတ်စာပေ) အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း။ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | – | ဖြိုတ်စာပေ (ဖုန်း - ၇၀၄၅၉၀) အမှတ် (၁၉၀)၊ ၃၁-၃၂လမ်း ရန်ကုန်။ |
| စီစဉ်သူ | – | ကိုလှနိုင် (ဖြိုတ်) |
| အထက်မြန်မာပြည် | – | နဂါးစာပေ၊ (မန္တလေး) |
| ဖြန့်ချိရေး | | ထွန်းဦးစာပေ (မန္တလေး) |


www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ အဟံ ဝန္ဒာမိ

BURMESE CLASSIC

ဖြိုးစာပေ

အမှတ် ၁၉၀၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

☎-၇၀၄၄၉၀

www.burmeseclassic.com

www.burmeseclassic.com

ရဲဇော်အောင်

# ကျောက်လက်ဝါးနှင့်သွေးကလဲ့စား

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

လျှပ်စစ်မီးရောင်များအောက်တွင် မိုးမိတ်မြို့ကလေးသည် သာယာလှပနေ၏။

လူတန်းစားမျိုးစုံတို့ လမ်းမကြီးတစ်လျှောက် ပျားပန်းခတ် သွားလာနေကြသည်။

စားသောက်ဆိုင်၊ အဖျော်ယမကာဆိုင်များ လူအပြည့်ဖြင့် စည်ကားနေကြသည်။

သာယာလှပသော ညချမ်းကလေးပင်။

လူမျိုးစုံ၊ အလွှာမျိုးစုံတို့ နေထိုင်ကြသဖြင့် စရိုက်အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိကြသည်။

သင်္ကလပ်ဦးထုပ်အဝိုင်းကြီးအား ခပ်ငိုက်ငိုက် ဆောင်းထားသူသည် (Seven Top) စားသောက်ဆိုင်အတွင်းသို့ အေးဆေးသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း လှမ်း၍ ဝင်လာခဲ့သည်။

ညိုညစ်ညစ် တုတ်အကျီ အနွမ်းကြီးကို ဂျင်းပင်အပြာရင့်ဖြင့် တွဲဝတ်ထား၏ သူ့မျက်ဝန်းများမှာ အဝတ်အစားများနှင့် ဆန့်ကျင်ပြီး စူးစူးရှရှ နိုင်လှသည်။ လျှင်မြန်ဖြတ်လတ်သည့် သိန်းစွန်တစ်ကောင်နှင့်မခြား အန္တရာယ်အငွေ့အသက်ကို အနံ့ခံသည့် ပုံစံပေါက်နေတော့သည်။

သူ့အမည်မှာ 'ကျောက်လက်ဝါး' (သို့မဟုတ်) ပိုင်ဇော်ရဲ. . .

သူသည် ဆိုင်အတွင်းသို့ ထောင့်စွန်းရှိ ခုံလွတ်တွင် ဝင်ထိုင်လိုက်ပြီး စားပွဲထိုးချာတိတ်အား စားသောက်စရာများ လှမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဟော့ ညီလေး . . . ဝီစကီတစ်ပြားနဲ့ ဆိတ်သားခြောက်ကြော် တစ်ပွဲ၊ ထမင်းကြော်တစ်ပွဲ "

" ဟုတ်ကဲ့အစ်ကိုလေး . . . ခဏစောင့်နော် "

" ဝီစကီနဲ့ ဆိတ်သားခြောက် အရင်လာပို့ကွာ "

" ဟုတ်ကဲ့ အစ်ကို "

မှာထားသော စားစရာများမလာခင် ဘောင်းဘီအိတ်အတွင်းမှ (၅၅၅) စီးကရက်ဗူးအားထုတ်ကာ တစ်လိပ်ဆွဲထုတ်၍ မီးညှိဖွာရှိုက်နေလိုက်သည်။ ။

တခြားစားပွဲမှ သူများမှာလည်း ကိုယ့်အဖွဲ့နှင့်ကိုယ် စကားကောင်းနေကြသဖြင့် သူဝင်လာသည်ကို သတိမထားမိကြ။

ဆေးလိပ်ဗူးများ၊ ကြက်ဥပုလင်းများကြားမှ သူ့ကိုအကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသူကိုတော့ ကျောက်လက်ဝါး သတိမပြုမိလိုက်။ ကောင်တာစားပွဲတွင် ထိုင်နေသော ထိုလူဝကြီးမှာ (Seven Top) ဆိုင်ပိုင်ရှင် ဦးဗညားပင် ဖြစ်တော့သည်။

သက္ကလပ် ဦးထုပ်ကြီးဆောင်းထားသူကတော့ ဘယ်ကိုမှလည်း မကြည့်၊ ဘယ်သူ့ကိုမှလည်း သူ ဂရုမထား၊ ဝီစကီခွက်ကိုသာ တစိမ့်စိမ့်တော့ကာ အရသာခံနေသည်။

သူ့ပုံစံက အေးတိအေးစက်။

ဂျိန်း၊ နာဂကီနှင့် ဇီဒါန်းတို့သုံးယောက် အစတော်ကလေး မူးနေကြပြီဖြစ်သည်။ မူးလျှင် ရစ်တက်သော ဗီဇများအတိုင်း ပြဿနာရှာဖို့ တာဆူနေကြသည်။ ဆိုင်အတွင်း လှည့်ပတ်ပြီး သုံးယောက်သား မျက်လုံးကစားလိုက်ကြသည်။

ဟော . . . တွေ့ပြီ။ စားရကံကြုံလို့ မုတ်ဆိတ်များစွဲတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင်ကြီး ဇီဒါန်း "

" ဟော . . . ဘာတုန်းကွ "

" ငါတို့ရှေ့စားပွဲက အမျိုးသမီးလေး သူ့ဘေးက ချာတိတ်က သူ့အဖော်မဟုတ်နိုင်ဘူး၊ သွားဖန်ကွာ၊ အပျင်းပြေ လေးပေါ့ "

" အိုတေ . . . ဖြစ်တယ် "

မျက်နှာချင်းဆိုင်စားပွဲဆီသို့ ထွက်သွားသော ဇီဒါန်းအသွင်က ဘာကိုမှ ဂရုမထားသည့်ပုံဖြင့် သူ့ကို သူလည်း ယုံကြည်ထားပုံရသည်။

အရပ်အမောင်းက ခြောက်ပေနီးပါးမြင့်ပြီး ကိုယ်လုံးကိုယ်ထည်က တောင့်တင်းသည်။ အရက်ရှိန်ကလေးကလည်းရထားပြီဆိုတော့ မြင်းကို ဂျိုတပ်ပေးလိုက်သလို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ ရောက်သွားသည်နှင့် ဘာမပြော ညာမပြော အမျိုးသမီးချောလေးနှင့်အတူ ထိုင်နေသော လူငယ်၏ အအေးခွက်ကို ကောက်ယူ မော့ချလိုက်သည်။

" ဂလု. . ဂလု. . . ဟား. . . ဂွတ် ရှိက်ပဲ "

လူငယ်မှာ ငေးကြောင်ကြည့်နေရာမှ သူ့ကိုလာပြီး အနိုင်ကျင့်မှန်း သိသွားတော့၏။

" ဟေ့လူ . . . ခင်ဗျားကြီး လူပါး၀လှချည်လား၊ ကိုယ်ဝတ်ထားတဲ့အ၀တ်အစားမှ မထောက်၊ သောက်ချင်ရင် ခင်ဗျား ရိုးရိုးသားသား တောင်းသောက်ပါလား "

" ထွီ "

" ဘာကွ . . . ဟေ့ကောင် "

လူငယ်၏ အော်ပြောလိုက်သော စကားသံကြောင့် ဇီဒါန်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး နီရဲသွားကာ လူရွယ်အား ခါးလည်မှ ဆွဲကိုင်မြှောက်လိုက်သည်။

" မင်းလိုကောင်ကများ ငါ့ကို၊ ဒီမယ် ဟေ့ကောင်၊ ငါ့နာမည် ဇီဒါန်းကွ၊ မှတ်ထား ကြားလား "

" ရော့ . . . ဒါ နမူနာသဘောပဲ "

"ဖျောင်း "

" အား "

အားပါလှသော ရိုက်ချက်ကြောင့် လူငယ်လေးမှာ ကြမ်းပြင်ပေါ် မှောက်သွား၏။

သူက အခဲမကျေနိုင်သေးဘဲ အမျိုးသမီးချော်ဆီသို့ မျက်နှာမူလိုက်သည်။

မိန်းမချောလေးကမူ သူ့ကို လုံးဝအလေးမထားသည့်ပုံစံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်နေသည်။

မိန်းမချောကလေး၏ အေးစက်မာကျောသော အကြည့်များကြောင့် ဇီဒါန်း နည်းနည်းတော့ တွန့်သွားမိသည်။

သူ့အထင်က အမျိုးသမီးက သူ့အား ဇက်ဇက်ကြဲ ရန်တွေ့မည်ဟု ထင်ထားခဲ့သည်ပဲ။

သူ အားမလိုအားမရဖြစ်လာကာ မိန်းမချောလေး၏ မေးဖျားလေးအား ဖမ်းကိုင်လိုက်သည်။

" မင်းလေးက ကိုယ့်ကိုမကျေနပ်ဘူးဆိုပါတော့ "

ဇီဒါန်းစကားပင်မဆုံးလိုက် သူ့လက်အား ဖမ်းလိမ်ပြီး ဒူးဖြင့်တိုက်ချိုးခြင်းကို ခံလိုက်ရသည်။

" ဖျောင်း "

" အား "



www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေး၏ လှုပ်ရှားတိုက်ခိုက်မှုက မြန်ဆန်လွန်းလှသည်။

ဇိဒါန်းတစ်ယောက် ကျိုးသွားသောလက်ကို ဆုပ်ကိုင်ကာ အော်ဟစ်ညီးညူနေတော့သည်။

မိန်းမချောကလေးအသွင်က တကယ့်ကျားသစ်မလေး တစ်ကောင်လိုပင် တိုက်ခိုက်ရန် အသင့်အနေအထားနှင့် စောင့်နေလိုက်သည်။

သူတို့အဖော် အခြေအနေမဟန်သည်ကိုသိသဖြင့် ကျန်နှစ်ယောက်က စားပွဲဝိုင်းမှ ထလာကြသည်။

သူတို့ဟန်ပန်များက တစ်ကယ့်ကောက်ကျစ်ယုတ်မာတော့မည့်ပုံပေါက်နေသည်။

သက္ကလပ်ဦးထုပ်အဝိုင်းကြီး ဆောင်းထားသူက သူ့တို့လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



မှုကို အကဲခတ်လျှက်ရှိသည်။

လူမိုက်နာကကီက ခါးကြားမှ ကြာပွတ်အား ဆွဲထုတ်လိုက်သည်။

" ရွှမ်း " " ရွှမ်း" " ရွှမ်း '

" ဟိတ် " " ဟိုင်း "

နာကကီ၏ ကြာပွတ်ရိုက်ချက်များကို သူမက လေထဲတွင် ဖျံ့ဝဲပြီး

လှပစွာဖြင့် ရှောင်တိမ်းလိုက်သည်။

နာကကီ၏ ကြာပွတ်ရိုက်ချက်များကို သူမက လေထဲတွင် ဖျံ့ဝဲပြီး

လှပစွာဖြင့် ရှောင်တိမ်းလိုက်သည်။

နာကကီတစ်ယောက် သူ၏ ကြာပွတ်က လေထဲကိုသာ ရိုက်မိနေ

သဖြင့် ဒေါသထွက်လာကာ တရကြမ်း လိုက်ရိုက်နေတော့သည်။

" ရွှမ်း " " ရွှမ်း " " ရွှမ်း "

အချိန်ကြာလာသည်နှင့်အမျှ သူမ၏ ရှောင်ရှားမှုများက



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း နွေးကွေးလေးလံလာခဲ့သည်။

အခွင့်အရေးကို စောင့်ဆိုင်းနေသော ဂျိမ်းက နာကီ၏ ကြာပွတ်ရိုက်ချက်ကို ရှောင်ရှားကာ ကြမ်းပြင်ပေါ်သို့ ပြန်ကျလာသော မိန်းမချောလေးအား နောက်မှ ဖမ်းချုပ်ထားလိုက်သည်။

" လွှတ် . . . လွှတ် ၊ လူယုတ်မာကြီးတွေ "

" ဟား ဟား ဟား ၊ ကဲ . . . ရှန်းစမ်းအမိ၊ ဟော့ကောင် နာကီ ဒီလောက်အရှောင်အတိမ်းကောင်းလှတာ မင်းလက်က ကြာပွတ်နဲ့ ဆုလေးဘာလေး ချလိုက်ပါအုံးကွာ "

မိန်းမချောလေးအား ဂျိမ်းက နာကီ၏ ရှေ့သို့ တွန်းပို့ပေး လိုက်သည်။

ရှေ့ဘက်သို့ ယိုင်ထွက်လာသော သူမအား နာကီက လက်ထဲ မှ ကြာပွတ်ဖြင့် လွှဲရိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ရွှမ်း "

" အား . . . "

အကျီစများ ဖွာလန်ကျဲသွားပြီး ဖြူဖွေးနေသော အသားတွင် သွေးများဆို့လာသည်။

စားပွဲဝိုင်းများတွင် သောက်စားနေသူများက ဝိုင်း၍သာ ကြည့်နေကြသည်။ ဝင်ပြီး မတားရဲကြ။

အားလုံးက ထိုလူမိုက်သုံးယောက်ကို ကြောက်ကြသည်ပဲလား၊ ( ဒါမှမဟုတ် ) မပတ်သက်ချင်၍လားမသိ၊ မသိကျိုးကျွံပြု နေကြသည်။

သက္ကလပ် ဦးထုပ်အဝိုင်းကြီး ဆောင်းထားသောသူက မနေသာတော့။ စားပွဲဝိုင်းမှ ထကာ သူတို့အနားသို့ တစ်လှမ်းချင်း လှမ်းလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" ကိုယ့်လူတို့ ဒီလောက်အနိုင်တျင့်ပြီး လက်စွမ်းပြရရင် စေ့နပ်ကြရောပေါ့ မိန်းတလေးတစ်ယောက်ကို ချုပ်ပေးပြီးမှ ထက်နက်အားတိုးနဲ့ အနိုင်ယူတာတော့ သဘာဝ မကျဘူးလို့ ကျုပ် ထင်တယ် "

" အံမာ . . . မင်းက ဘာကောင်မို့လဲ ၊ ဒီကောင်က အကြောင်းမသိသေးဘူးနဲ့တူတယ် ၊ ကိုယ်နဲ့မဆိုင်တာကို စပ်စု ချင်တဲ့အကောင် "

" ကဲကွာ . . . ကဲကွာ "

" ရွှမ်း . . . ရွှမ်း . . . ရွှမ်း "

တျောက်လက်ဝါး နောက်ဂျမ်းပစ်ကာ ရှောင်လိုက်ပြီး ကျွံထွက် လာသော နာကီ၏ မျက်နှာကြီးအား ဖြတ်ကန်ပစ်လိုက်သရွှေ

" ဖျောင်း "



www.burmeseclassic.com

www.burmeseclassic.com



“ အိး ”

အားပါလွန်းလှသော သူ၏ ကန်ချက်ကြောင့် နာတိ တစ်ယောက် ကြမ်းပြင်ပေါ် အဆန့်သား လောကကြီးနှင့် တဒင် အဆက်ပြတ်သွားတော့သည်။

ရှိန်းက မိန်းမချောလေးအား ချုပ်ကိုင်ထားရာမှ လွှတ်ပေးလိုက်ပြီး သူ့ကို ပြေးတာန်လာသည်။

“ ကျား ”

ကျောက်လက်ဝါးလက်ဖြင့် ကာချလိုက်ပြီး ညာခြေဖြင့် ပိတ်ကန်ထည့်လိုက်သည်။

“ ဟိုင်း ” “ ဘုန်း ” “ အီး ”

တစ်ဆက်တည်းဆိုသလို ညာဘက်လက်ဝါးဖြင့် ရှိန်း၏ ကျောပြင်အား ရိုက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဗျာန်း "

" အား . . . "

လူမိုက်ကြီးသုံးယောက်တို့မှာ စက္ကန့်ပိုင်းအတွင်း ကြမ်းပြင်ပေါ်မှ မှောက်ကုန်သည်။

သူ မိန်းမချောလေးအား လှမ်းကြည့်လိုက်၏။

ဆုတ်ပြဲသွားသော သူမအင်္ကျီအား လက်နှစ်ဖက်ဖြင့် ယှက်ကာ သူ့အား ကျေးဇူးတင်သည့် မျက်ဝန်းလေးများဖြင့် ကြည့်နေလေသည်။

သူက အပေါ်မှ ထပ်ဝတ်ထားသော ကုတ်အင်္ကျီအား ချွတ်ကာ မိန်းမချောလေးအား ပေးလိုက်သည်။

" ရော့ အမိ . . .၊ ဒီအင်္ကျီကို ထပ်ဝတ်ထားလိုက် "

" အမိဘော်ဒါလေးကိုခေါ်ပြီး ဒီကသာ မြန်မြန်ထွက်ပေတော့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ သတိပြန်ရလာရင် မလွယ်ဘူး ”

မိန်းမချောလေးက သူ့အဖော်အားတွဲကာ ဆိုင်အပြင်ဆီသို့ ထွက်သွားလေတော့သည်။

ကျောက်လက်ဝါးက ဦးထုပ်ကို ချွတ်၍ စားပွဲပေါ် ပစ်တင်လိုက်ပြီး ထိုင်ခုံ၌ အေးဆေးစွာ ပြန်ထိုင်နေလိုက်သည်။

“ ဟူး . . . သောက်ထားတာလေးတွေ ဘယ်ရောက်သွားလည်း မသိဘူး ”

“ ညီလေးရေ . . . ဝီစကီတစ်ပြွားလောက် ပေးဦးဟော့ ”

“ လာပြီ . . . အစ်ကိုလေး ”

ဆိုင်ပိုင်ရှင် လူဝကြီးသည် ကျောက်လက်ဝါး၏ အေးဆေးတည်ငြိမ်ပုံကိုကြည့်ကာ သူ၏ ရှည်လျားနေပြီဖြစ်သော နှုတ်ခမ်းမွှေးကြီးကို သတ်ကာ ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



" အင်း . . ငါ့ဆီမှာ သူလိုတပည့်ကောင်းတစ်ယောက် ရှိထားသင့်တယ်၊ ဒါမှ ငါ့လုပ်ငန်းတွေ ဟိုကောင်တွေထက် အောင်မြင်မှာ၊ သူတို့က ငါ့ကို လူမိုက်တွေငှားပြီး ပစ္စည်းတွေ ဖျောင်ပစ်တာမနည်းတော့ဘူး၊ ငါ ဒီချာတိတ်ကို စည်းရုံးကြည့်ရမယ်၊ အစဉ်ပြေရင် ငါ့ဆီမှာ လက်သက်မွေးထားလိုက်ရုံပဲ "

လူဝကြီး ကျောက်လက်ဝါးရှိရာ စားပွဲဆီသို့ လျှောက်လာခဲ့သည်။

" ဒီချာတိတ် တိုက်ခိုက်တဲ့ အရည်အချင်းကတော့ မဆိုးဘူး၊ ဟိုကောင်တွေသုံးကောင် ဘယ်လိုမှောက်သွားမှန်းတောင် မသိလိုက်ရဘူး "

လူဝကြီး ကျောက်လက်ဝါး၏ ရှေ့တည့်တည့် လွတ်နေသောထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး စကားစလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ငါ့တူ အန်ကယ်ခဏထိုင်မယ်နော် "

" ဪ ထိုင်ပါခင်ဗျာ . . . ရပါတယ် "

" အန်ကယ်(လ်)က ဒီ (Seven Top) ဆိုင်ပိုင်ရှင်ပါ၊ အန်ကယ်(လ်)နာမည်က ဗညားလို့ခေါ်တယ်၊ အချိန်ရခဲ့မယ်ဆိုရင် အန်ကယ်(လ်) ငါ့တူနဲ့ စကားနည်းနည်း ပြောချင်လို့ပါ "

" အကြောင်းထူးများ ရှိလို့လား အန်ကယ်(လ်) "

" အန်ကယ်(လ်)အတွက် အရေးကြီးလို့ပါ ငါ့တူ "

" ကောင်းပြီလေ၊ အန်ကယ်(လ်)အကြောင်းလေးကို တစ်ဆိတ်လောက် ပြောပြပါဦးလား "

ကျောက်လက်ဝါးက လူဝကြီးကို စိတ်ဝင်စားလာသဖြင့် အလိုက်အထိုက် စကားလမ်းကြောင်း ပေးလိုက်သည်။

သူ့ပင်ကိုဗီဇကိုကလည်း စိတ်ဝင်စားစရာကောင်းသော ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမျိုးတွင် ပါဝင်ပါတ်သက်နေချင်မိသည်ပဲ။

" စောစောက ငါ့တူနဲ့ ပြဿနာဖြစ်တဲ့ သုံးယောက်က အန်ကယ်(လ်)ရဲ့ တပည့်တွေပါ "

" ဗျာ . . . သူတို့က အန်ကယ့်ရဲ့ တပည့်တွေ ဟုတ်လား၊ ကိုယ့်ဆိုင်ကိုလာပြီး စားသောက်တဲ့သူတွေကို ဒီပုံစံနဲ့တော့ မဆက်ဆံသင့်ဘူးလေဗျာ "

" ငါ့တူပြောတာ မှန်ပါတယ်၊ ဒီကောင်တွေ အန်ကယ်(လ်)ဆီမှာ ငွေညှစ်နေတာကြာပြီ၊ အန်ကယ်(လ်)က မပေးလို့ ညစ်တွန်းတွန်းနေကြတာပါ "

" ဩော် . . . ဒီလိုလား "

ကျော်လက်ဝါး စိတ်ဝင်စားလာသဖြင့် လူဝကြီးစကားကို ရေလိုက်ကောင်းအောင် မျှောချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ အန်ကယ်(လ်)က သူတို့ကို လိုအပ်တာတွေ ပံ့ပိုးကူညီမှု မပေးဘူးလား ၊ သူတို့ဘက်ကလည်း အန်ကယ်(လ်)က လိုအပ်တဲ့ တွပ်လပ်မဖြည့်ပေးလို့ ဒီလိုပြဿနာ ရှာနေတာနေမှာပေါ့ ”

“ အန်ကယ်(လ်)ဘက်က သူတို့လိုတဲ့ အကူအညီအားလုံး ပေးခဲ့ပါတယ်၊ သူတို့မလိမ်မာတာတော့ အန်ကယ်(လ်)လည်း မတတ်နိုင်ဘူး၊ ဒီကောင်သုံးယောက်လုံးကို တစ်လ တစ်သိန်းစီ ပေးထားတာပါ၊ ဒီကြားထဲက ထပ်လိုချင်ပြီး အန်ကယ်(လ်)ကို မိုက်ကြေးခွဲနေကြတာ ”

လူဝကြီးမှာ မောသွားဟန်ဖြင့် ဝီစကီခွက်အား တစ်ကြိုက် တည်းမော့ချလိုက်သည်။

ကျောက်လက်ဝါး လူဝကြီး၏ ပြောစကားများအား နားမရှင်း တော့သဖြင့် ကြားဖြတ်ပြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်နဲ့ အန်ကယ်(လ်) ပတ်သက်စရာအကြောင်းလေး တွေပြောပြပါဦးလေ၊ ဒီကောင်ကြီးတွေ အကြောင်းတော့ ကျွန်တော် သဘောပေါက်ပြီ "

"အဓိကအချက်လေးတွေ မရောက်သေးလို့ပါ၊ အန်ကယ်(လ်) ငါ့တူနားလည်အောင် ရှင်းပြပေးပါ့မယ်၊ ကဲ . . . ငါ့တူနားလည် အောင် ခဏစောင့်၊ အန်ကယ်(လ်) ဆိုင်ပိတ်လိုက်မယ်၊ အိမ်ကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့ "

ကျောက်လက်ဝါး လူဝကြီး ဦးဗညားနှင့် လူမိုက်သုံးယောက် ပတ်သက် နေမှုအား စိတ်ဝင်စားလာသဖြင့် လူဝကြီး ဦးဗညား၏ ဖိတ်ခေါ်မှု ကို သူ လက်ခံလိုက်သည်။

လူဝကြီးကလည်း သူ့ကို သဘောကျနေတာ သူသဘောပေါက် သည်။ သူ့မှာ လူဝကြီးသဘောကျလောက်သည့် အချက်များစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်ပဲ။

ကျောက်လက်ဝါးတို့ စီးလာသော ကားလေးသည် ထင်းရှူးပင်ကြီးများ ပတ်လည်စိုက်ထားသော ခြံကျယ်ကြီးထဲ ကွေ့ဝင်လိုက်သည်။

ကျောက်ခင်းလမ်းလေးအတိုင်း လူဝကြီး ကားကို မောင်းလာခဲ့ပြီး နှစ်ထပ်တိုက်ပြာလေးရှေ့တွင် ကားကို ရပ်လိုက်သည်။

" ငါ့တူ ဒါ အန်ကယ့်(လ်)အိမ်ပဲ "

တိုက်အိမ်လေးအတွင်းသို့ ဝင်လိုက်သည်နှင့် ကျွန်းသားများဖြင့် ထုလုပ်ထားသော ရှေးလက်ရာ ပန်းပုရုပ်ထုများကို တအံ့တသြ တွေ့လိုက်ရသည်။ ပန်းပုရုပ်ထုများမှာ လက်ရာမြောက်လှသည်။

အိမ်အတွင်း အသုံးအဆောင်များက လူဝကြီးဦးညား၏



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကြွယ်ဝမှုကို ဖော်ပြနေသည်။

နှစ်ယောက်သား ညှိခန်းဆိုဖာပေါ်တွင် ထိုင်လိုက်ကြပြီး ဦးဗညားက အိမ်အတွင်းဘက်သို့ စကားကမ်းလှမ်းပြောလိုက်သည်။

" အကြူရေ ၊ ကိုယ့်ညှိသည် ပါလာတယ်၊ ညစာစားဖို့ ပြင်လိုက်ပါဦးကွာ "

" ဟုတ်ကဲ့ အစ်ကို "

လူဝကြီး ဦးဗညားက သူ့အမျိုးသမီးနှင့် မိတ်ဆက်ပေးပြီး သူ့ဘဝဇာတ်ကြောင်းများအား ပြောပြတော့သည်။

" ဒါ အန်ကယ့်(လ်)ဇနီး ကြူကြူလှိုင်တဲ့၊ အန်ကယ်က (Seven Top)ကို သူနဲ့ပဲ လွှတ်ထားတာ ၊ ဒီကြားထဲမှာ ဟိုကောင် တွေ လာပြီးသောင်းကျန်းနေလို့ အန်ကယ်က သူ့ပြီး ဆိုင်ထိုင်

www.burmeseclassic.com

www.burmeseclassic.com


ပေးတာ ”

“ အန်ကယ်(လ်)က ရှေးဟောင်းလက်ရာ ရုပ်ထုတွေနဲ့ ရတနာ အရောင်းအဝယ်လုပ်တယ် ”

ဦးဗညား၏ စကားအား ကြားဖြတ်၍ မေးလိုက်သည်။

“ အန်ကယ် ကျွန်တော့်ကိုခေါ်တာက ”

“ အန်ကယ်(လ်) မောင်ရင့်ကို လက်လွှဲရမယ် လူယုံတပည့် တစ်ယောက်အဖြစ် ငှားထားချင်တယ် ”

“ အထူးသဖြင့် မောင်ရင့်ရဲ့ ကိုယ်ခံပညာ တိုက်ခိုက်တဲ့ အရည် အချင်းကို သဘောကျလို့ပဲ ”

“ မောင်ရင့်ကို အန်ကယ်(လ်) တစ်လကို လေးသိန်းပေးမယ်၊ အန်ကယ့် ရတနာပစ္စည်းနဲ့ ရုပ်ထုတွေကို လက်လွှဲပို့ပေးရုံပါပဲ ”

“ ကျွန်တော့်အတွက် ငွေရေးကြေးရေးကိစ္စက အရေးမကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အန်ကယ့်လုပ်ငန်းသဘောကိုလည်း သဘောကျပါတယ်၊ အခွန်ဆောင်တာလည်း အနည်းဆုံးတော့ သွေးပူလေ့ကျင့်ခန်းလောက် လုပ်နေရမှ သဘောကျတာ ”

“ ဝမ်းသာတယ် မောင်ရင်လေးရာ၊ ကဲ . . . ကဲ . . . ငါ့တူလည်း ပင်ပန်းလာတာ ၊ အနားယူလိုက်ဦး၊ အကြူရေ သူ့ အတွက် အခန်း ပြင်ပြီးပြီလား ”

“ အဆင်သင့်ပဲ အစ်ကိုကြီး ”

“ ဩော် . . . ဒါနဲ့ မောင်ရင့်နာမည်ကို အန်ကယ်(လ်)ကို မပြောသေးဘူးနော် ၊ အန်ကယ်(လ်)လည်း ကိုယ်ဖြစ်ချင်တာတွေ စွတ်ပြောနေတာနဲ့ နာမည်မေးဖို့တောင် အခုမှ သတိရတော့တယ် ”

“ကျွန်တော့်နာမည် ကျောက်လက်ဝါးပါ အန်ကယ်(လ်) ”

“ ဘာကွ ကျောက်လက်ဝါး ၊ ဟား . . . ဟား . . . ဟား



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ပြီပေါ့၊ နာမည်နဲ့လူနဲ့ကတော့ လိုက်ပါတယ်ကွာ ”

လူဝကြီး ဦးဗညားက သူ့အား အခန်းဝအထိ လိုက်ပို့ပေးသည်။

သူက အသင့်ပြင်ထားသော ခုတင်ပေါ်သို့ ခြေပစ်လက်ပစ်လှဲချလိုက်သည်။

လူဝကြီး ဦးဗညား၏ အလုပ်အား သူလက်ခံလိုက်ခြင်းမှာ အကြောင်းရှိသည်။

ဦးဗညား၏ စကား အသွားအလာအား အကဲခတ်လိုက်သည်နှင့် မရိုးသားဘူးဆိုတာ သူ သဘောပေါက်ပြီးသား၊ သူ့ဗီဇကိုကလည်း စူးစမ်းလေ့လာသည့် အလုပ်ဆို အလွန် စိတ်ဝင်စားသည်။

နောက်ပြီး ဦးဗညားနဲ့ ဟိုမိန်းမချော ပက်သတ်မှုတော့ ရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်သုံးယောက်ဝိုင်းမှ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူ ကောင်တာစားပွဲမှ လူဝကြီးနှင့် စကားပြောလိုက်၊ မိန်းမချောလေးတွေ ဝိုင်းဘက် ကြည့်လိုက်နှင့် ထိုလူမိုက် စားပွဲဝိုင်းသို့ ပြန်လာပြီး မကြာမီ မိန်းမချောလေးအား သူတို့ ပြသနာရှာကြခြင်းဖြစ်သည်။

မိန်းမချောလေးကလည်း မခေ။ အဆင့်မြင့်ကိုယ်ခံပညာကို တတ်ထားပုံရသည်။ ကြာပွတ်ရိုက်ချက်များကို ရှောင်ရှားနေသည်မှာ လိပ်ပြာလေးတစ်ကောင်နှင့်ပင် တူတော့သည်။ ဒီမိန်းကလေး ဗမာစစ်စစ်တော့ ဖြစ်ဟန်မတူ။ ရှမ်းမလေး ဖြစ်နိုင်သည်။ ပါးကလေးတွေက ပန်းနုရောင် ပြေးနေသည်။

လှရက်ပါပေ့ မိန်းကလေးရယ် . . .

ကျောက်လက်ဝါး ပျင်းပျင်းရှိတာနှင့် ဆိုင်ကယ်ပေါ်ဖြင့် အပြင်



www.burmeseclassic.com

www.burmeseclassic.com


သို့ ထွက်လာခဲ့သည်။

" ဒီလူကြီး ငါ့ကို လစာဒီလောက်အများကြီး ပေးထားတာ သူ့မှာ ငါနဲ့ မျှားမဲ့ အမဲကောင်းကောင်းရှိမယ့်ပုံပဲ၊ ဘာပဲဖြစ်ဖြစ် သူနဲ့ ပတ်သက်ပြီး ငါ သတိကောင်းကောင်း ရှိမှဖြစ်မယ် "

ကတ္တရာလမ်းမကြီး ဘေးဘက်ရှ့ခင်းများအား ငေးမောလာ ရင်းဖြင့် ခြံကျယ်ကြီးတစ်ခြံအတွင်း၌ ကိုယ်လက်လှုပ်ရှားနေသော မိန်းမပျိုလေးအား သူ့မျက်လုံးများက သတိထားမိသွားသည်။ မိန်းမပျိုလေး၏ အလှကလည်း တစ်ခါတွေ့က တစ်သက်မေ့မရ ဆိုသလို သူ မှတ်မိနေခြင်းဖြစ်သည်။

" ဟင် (Seven Top)မှာ ပြဿနာဖြစ်ခဲ့တဲ့ မိန်းမချောလေးပဲ" ဆိုင်ကယ်ကို ခြံကျယ်ဘေး အသာကပ်ရပ်ကာ ငေးနေစဉ် ခွေးပုလေးတစ်ကောင်ပြေးလာပြီး သူ့အား ထိုးဟောင်နေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



" ဝုတ် . . . ဝုတ် . . . ဝုတ် "

" မိဂျက်မရေ၊ လာ လာ ဒီကို၊ ဟင် . . . ရှင်က (Seven Top) မှာ ဘရက်ဖ့်ကို ဝင်ပြီး ကူညီခဲ့သူ မဟုတ်လားဟင်"

မိန်းမချောလေးက သူ့ကို မှတ်မိသွား၏။

" ဟုတ်တယ်၊ ကျုပ်က ကျောက်လက်ဝါးပဲ "

သူ့အဖြေက တုံးတိတိ နိုင်လှသည်။

" ရှင့်နာမည်က အဆန်းသားပဲ၊ ကျောက်လက်ဝါး ၊ ဟင်း ဟင်း ဟင်း၊ ခစ် ခစ် ခစ် "

မိန်းမချောလေးက သဘောကျစွာဖြင့် ရယ်မောလိုက်သည်။ ရယ်လိုက်မှ သူ၏ အလှပန်းလေးက ပိုမိုလန်းဆန်းနိုပျိုလာသည် ထင်ရသည်။

" ကျောက်လက်ဝါးဆိုတာ နာမည်ရင်းပဲလား ဟင် "



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်ရဲ့နာမည်ရင်းက ပိုင်ဇော်ရဲပါ၊ ငယ်ငယ်က ကျုပ်ကို လိုက်ဝှေ့တဲ့ နွားတစ်ကောင်ကို စိတ်တိုတိုနဲ့ လက်ဝါးနဲ့ ရိုက်လိုက်တာ တစ်ချက်နှစ်ချက် အကြောဆန့်ပြီး နွားက သေပါလေရော၊ အဲဒီအချိန်ကစပြီး ကျုပ်ရဲ့ ငယ်နာမည်ရင်းပျောက်ပြီး ကျောက်လက်ဝါးရယ်လို့ နာမည်ဖြစ်လာတာ ခုအချိန်ထိပဲ ဆိုပါတော့၊ ကဲ အမိ ကျုပ်သွားတော့မယ် "

" ဒါ ဘရဏီတို့အိမ်လေ၊ နောက်လမ်းကြုံတဲ့အခါ ဝင်လည်ပါနော် "

" ဟုတ်ပြီ ၊ ကဲ သွားတော့မယ်နော် "

" ဟုတ်ကဲ့ရှင့် "

* * * * *

မြိုထိဓာဝေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

လူဝကြီး ဦးဗညား အခန်းအတွင်းသို့ ဝင်လာသဖြင့် သူ ဖတ်လက်စ မဂ္ဂဇင်းစာအုပ်အား စားပွဲပေါ် တင်လိုက်သည်။

" မနက်ဖြန်မနက် အန်ကယ်တို့ ပစ္စည်းအရောင်းအဝယ် ကိစ္စရှိတယ် ကျောက်လက်ဝါး "

" ဟုတ်ကဲ့ "

" မင်းသွားပို့ရမှာ သူတို့မလာဘူး၊ အဆင်သင့်ပြင်ထားနိုင် အောင် လာပြောတာ "

" ကျွန်တော် အဆင်သင့် ပြင်ထားလိုက်ပါ့မယ်အန်ကယ်၊



www.burmeseclassic.com

www.burmeseclassic.com



နေရတာ ပျင်းတာနဲ့ အတော်ပဲ၊ ပွဲကြမ်းလေးတစ်ပွဲလောက်
နွဲလိုက်ချင်တာ ”

“ မကြမ်းမှာတော့ မပူလေနဲ့ ဆရာ၊ ဒီကောင်တွေ တစ်ဖွဲ့လုံး
(ဓ)ရှိတဲ့သူတွေချည်း။ လက်သန့်မွေးထားတာ ”

သူပြောသာ ပြောလိုက်ရသည်။ ဦးဗညားကြီးအား ရှော့တွက်
ဘို့မဖြစ်၊ ပါးလိုက်တာမှ လှပ်နေသည်။

ကျောက်လက်ဝါးကလည်း ခြသေ့်ပဲလေ၊ ပညာသာသူ စား
တမ်းပေါ့ ဦးဗညား . . .

နောက်တစ်နေ့ မနက်တွင် ဦးဗညား သေတ္တာပုံးငယ်တစ်ပုံး
ဆွဲလာပြီး သူ့ဆီ ရောက်လာခဲ့သည်။

“ ရော့ . . . ကျောက်လက်ဝါး၊ ဒီပစ္စည်းက ဝိုင်းမော်ဆိပ်ကမ်း
က (Aung Giyi) သင်္ဘောကို ပို့ပေးရမှာ၊ မင်းပစ္စည်း ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ သူတို့ ငွေချေလိမ့်မယ်၊ ဒါက မင်းလုပ်ငန်းအသွားအလာ

လွယ်ကူအောင် အသုံးပြုဖို့ စီးတော်ယာဉ် ဆိုင်ကယ်သော့ ''

'' ဟား ကြိုက်သွားပြီ အန်ကယ်ရာ ''

ကျောက်လက်ဝါးက (Honda DT)ဆိုင်ကယ်ပေါ် တက်၍

စက်နှိုးလိုက်သည်။

'' ကလစ် '' '' ဝေါ ''

'' အိုကေပဲ၊ ကဲ အန်ကယ်ကြီး သွားမယ် ''

'' အေး ! ကျောက်လက်ဝါး ''

'' ဝေါ . . . ဝေါ . . . ဗရော ''

ထွက်ခွာသွားသော ကျောက်လက်ဝါးဆိုင်ကယ်လေးကို

ကြည့်ပြီး ဦးဗညားတစ်ယောက် ပြုံးလိုက်သည်။

'' ဒီလိုသွက်လက်ပြီး တိုက်ခိုက်မှုမှာ အရည်အချင်းရှိသူကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ရထားခဲ့ရင် ငါ့အကြံအစည်တွေ အားလုံး အောင်မြင်လာမှာ ဟား . . . ဟား . . . ဟား ၊ ငါ့ကို လူမိုက်အားကိုးနဲ့ ကလိမ်တကျစ်လုပ်ခဲ့တဲ့ ဂျင်မီတို့ အဖွဲ့ကို ငါတပည့် ကျောက်လက်ဝါးကို အသုံးချပြီး ငါ့ရဲ့ ဆုံးရှုံးခဲ့တဲ့ ပစ္စည်းတွေ ပြန်ရအောင် လုပ်ရမယ်"

" ကျောက်လက်ဝါးဟာ ငါ အားကိုးထိုက်တဲ့ တပည့်ကောင်းတစ်ယောက်ပဲ၊ ဟိုကောင်သုံးကောင်ထက်စာရင် ကျောက်လက်ဝါးတ ပိုပြီး ငါ့အတွက် အသုံးဝင်လာမှာ "

သူ ဆိုင်ကယ်ကို ဗိုင်းမှော်ဆိပ်ကမ်းတွင် ရပ်ထားခဲ့ပြီး အတာဒီကေ့(စ်) သေတ္တာအား လက်မှ ဆွဲကာ (**Flung Gryi**) သင်္ဘောဆီသို့ လျှောက်လာခဲ့သည်။

သူ သင်္ဘောကုန်းပါတ်ပေါ်သို့ ခြေချမိသည်နှင့် သူ့အား အကြည့်စူးစူးနှင့် ကြည့်နေကြသော အစောင့်များကို တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရ၏။

သဘော်ဦးပိုင်း သူရောက်မှ မျက်မှန်နက် တပ်ဆင်ထားသူက သူ့ကို စကားပြောလာသည်။

" ဦးဗညားရဲ့ လူသစ်ဆိုတာလား "

" ဟုတ်တယ် "

သူ မာဆတ်ဆတ်ပင် ပြန်ဖြေလိုက်သည်။

" ဒါဖြင့် လာ ငါ့နောက်လိုက်ခဲ့ "

ပုံစံက လုံးဝဒေါင့်မကျိုးဘူး၊

ကျောက်လက်ဝါးတစ်ယောက် ထိုလူ၏ ခပ်လှမ်းလှမ်းမှ လိုက်လာခဲ့သည်။

သူ၏ မျက်ဝန်းများက စွန်ငှက်တစ်ကောင်လို ရန်သူ၏ အရိပ်



www.burmeseclassic.com

www.burmeseclassic.com



သက္ခဏာကို စူးစမ်းလေ့လာနေသည်။

ရှေ့မှ သွားနေသူက အခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်ပြီး လူခေါ်ဘဲ(လ်)အား နှိပ်လိုက်သည်။

" ကလင် . . . ကလင် . . . ကလင် "

အခန်းတံခါးပွင့်သွားသည်နှင့် ကတ္တီပါကော်ဇော ခန်းလုံးပြည့် ခင်းထားသော ကြမ်းပြင်ပေါ်တွင် ကုလားထိုင်ဖြင့် ထိုင်နေသူက သူ့အား အခန်းအတွင်းသို့ ဖိတ်ခေါ်လိုက်သည်။

" ကဲ . . . မိတ်ဆွေကြီး၊ အထဲကို ကြွပါ "

ကျောက်လက်ဝါး အခန်းအတွင်းသို့ အေးဆေးစွာ လှမ်းဝင် လိုက်ရင်း ကျင့်သားရနေပြီဖြစ်သော မျက်လုံးများက ဘေးပတ် ခန်းကျင်သို့ အကဲခတ်လိုက်ရာ လူမိုက်ရုပ်များနှင့် အစောင့်ငါးဦး ခန့်အား သတိထားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ကုလားထိုင်ဖြင့် ထိုင်နေသော သူအား လက်ထဲမှ အတာချီ တော့(စ်)အား လှမ်းပေးလိုက်သည်။ ထိုသူက သေတ္တာကို ဖွင့်ကာ ရတနာပစ္စည်းများကို စစ်ဆေးလိုက်သည်။

" ဦးဗညားကြီး ပစ္စည်းတွေက ဒီတစ်ခါ အရည်အသွေး တယ် ကောင်းပါလား၊ ဒါပေမယ့် . . . "

စကားကို ဆုံးသွားအောင် ဆက်မပြောတော့ဘဲ သူ့တပည့်များ အား မျက်ရိပ်ပြလိုက်သည်နှင့် လက်ပိုက်၍ ကြည့်နေသူများ ကျောက်လက်ဝါးကို ဝိုင်းထားလိုက်ကြသည်။

( ဒီကောင်တွေ ငါ့ကိုညစ်ပြီ )

" ရတယ်လေ၊ ကျောက်လက်ဝါးတို့ကလည်း ဒီလိုပွဲမျိုးမှ ကြိုက်တာ "

သူက ခြေထောက်အားခွဲ၍ ရပ်လိုက်ပြီး အသင့်အနေ



www.burmeseclassic.com

www.burmeseclassic.com


ထားဖြင့် စောင့်နေလိုက်သည်။

ဘေးမှ ဝိုင်းထားသူနှစ်ယောက် ပြိုင်တူ လှမ်းပြီး ကန်

လိုက်သည်။

" ကျား "

" ဝှိ "

" ဟိုင်း " " ဖျောင်း . . . ဖျောင်း "

ကျောက်လက်ဝါး ဘယ်ညာ လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်

ရှေ့သို့ ခုန်ထွက်လိုက်သည်။

ကြမ်းပြင်ပေါ်ကျသည်နှင့် လေထဲ ခုန်ပျံလိုက်ပြီး ရှေ့ဘက်ရှိ

စောင့်နှစ်ယောက်အား မျက်နှာများဆီသို့ ဖြတ်ကန်ချလိုက်

သည်။

" ဖျောင်း . . . ဗျောင်း . . . "



www.burmeseclassic.com

www.burmeseclassic.com



" အား "

ကျန်နှစ်ယောက်မှာ မေ့ာင်းပြန်ခါး ကိုယ်စီထုတ်ပြီး ပြေးထိုး ကြပြန်သည်။

" ရော့ . . . သေစမ်းကွာ "

" ဝှစ် "

ကျောက်လက်ဝါးခါးနှင့် လွတ်ရုံသာ ရှောင်လိုက်ပြီး လက်တစ်ဖက်က ထိုသူ၏ လက်ကို ဆွဲယူဆုပ်ကိုင်ပြီး ကိုင်ပေါက်ပစ်လိုက်သည်။

" ဘုန်း "

" အား "

နောက်ဆုံးတစ်ယောက်က ပြေးခုန်ဝင်လာပြီး သူ့ကို ကန်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါး ငုံ့ရှောင်လိုက်ပြီး ပေါင်နှစ်လုံးကြားသို့ တန်ပြန်ကန်သွင်းလိုက်သည်။

“ ဖောင်း ” “ အိ ”

ကျောက်လက်ဝါးနားထဲတွင် သေနတ်မောင်းတင်းသံ ကြားလိုက်ရသဖြင့် နောက်ဘက်သို့ လှည့်အကြည့် ခေါင်းဆောင်ဖြစ်သူက သေနတ်ဖြင့် သူ့အား လှမ်းပစ်လိုက်သည်။

“ ဒိုင်း . . . ဒိုင်း . . ရှိ . . . ရှိ ”

ကျောက်လက်ဝါး နောက်ဂျွမ်းပစ် ရှောင်တိမ်းလိုက်ပြီး လေထဲခုန်ပျံဝဲကာ ခေါင်းဆောင်၏ ပါးစောင်းအား တစ်ပတ်လည် ကန်ချလိုက်သည်။

“ ဗျောင်း ”

“ အား ”



www.burmeseclassic.com

www.burmeseclassic.com


ကျောက်လက်ဝါးက ထိုသူ လွှတ်ကျသွားသော သေနတ်ကို ကောက်ကိုင်ကာ ခေါင်းဆောင်၏ နားထင်အား တေ့ထားလိုက်၏။

" တဲ ကိုယ့်လူကြီး ခင်ဗျားအသက်ကို နှမြောရင် ပစ္စည်းတန်ဖိုး ကျုပ်ကိုပေး၊ ကျုပ်လက်ညှိုးလေး ကွေးလိုက်တာနဲ့ ခင်ဗျားရဲ့အသက် ပါသွားမှာနော် "

ဦးဗညား၏ ဖုန်းနဲ့ အသိပေးမှုကြောင့် သူ စီစဉ်လိုက်ခြင်းဖြစ်သည်။ ဦးဗညားကတော့ပြောသား ၊ အလွှန်လက်သံပြောင်သည်တဲ့။ အပြင်မှာ ဦးဗညားပြောတာထက်ပင် မြန်သည်ဟုထင်ရသည်။

သူ၏တပည့်တွေလည်း ကြမ်းပြင်ပေါ် အတုံးအရုန်း မှောက်နေကြသည်။

သူ့ကိုလည်း ခုနားထင်ကို သေနတ်နှင့် တေ့ထားပြီး ရှုပ်ရှား


www.burmeseclassic.com

www.burmeseclassic.com



၍ မဖြစ်။ တကယ် ပစ်လိုက်မည့်ပုံ ဂျင်မီ ကျောက်လက်ဝါးကို ဖြန့်သွား၏။

ခေါင်းဆောင်လုပ်သူက လေသံပြောင်းသွားပြီး။

" ဟို ဟိုရှေ့က စားပွဲပေါ်မှာပါ ငါ့ညီ၊ အသက်ကိုတော့ ချမ်းသာပေးပါကွာ "

" ကျုပ်အစီအစဉ်ထဲမှာလည်း ခင်ဗျားကို သတ်ဖို့မပါပါဘူး၊ ကျုပ်က နဂါးမှန်းသိအောင် အမှောက်ထောင်ပြရုံလောက်ပါ၊ နောင်အခါတော့ မှတ်ထားပေါ့၊ ကျုပ်နာမည် ကျောက်လက်ဝါးပဲ"

သူက ငွေသေတ္တာအားယူကာ အခန်းထဲမှ အေးဆေးစွာဖြင့် ခြံထွက်ခဲ့တော့သည်။

" ဩော် ဦးဗညား. . . ဦးဗညား၊ သူ့လုပ်ငန်းတွေမှာက အတုံးပေါ် ထိပ်ကွက်မဲ့ အကောင်တွေချည်းပဲဆိုတော့ ငါ့လိုလူကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်လွှတ်တော့မလဲ၊ ဒီလူကြီးကြည့်ရတာ ဘနဖူး သိုက်တူး မယ့်ရုပ်မျိုး၊ ငါလည်း သတိထားပြီး ဆက်ဆံမှဖြစ်မယ် ”

ကျောက်လက်ဝါး ဦးဗညားအား လျှော့မတွက်ရဲ၊ သူ့ အရောင်းအဝယ်က သိန်းရာနှင့်ချီသည်။ သည်လူကြီးက အလကား သက်သက်တော့ သူ့ကိုငှားထားမည် မဖြစ်နိုင်။

သူ့စိတ်ထဲ ပျင်းပျင်းရှိတာနဲ့ ဘရဏီတို့အိမ်သို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့သည်။

“ ဝေါ ... ဗရော ”

သူ၏ ဆိုင်ကယ်က တိုက်ပုလေးရှေ့တွင် ရပ်လိုက်သည်နှင့် ဘရဏီ ပြေးထွက်လာ၏။

“ ဘရဏီဆီ လာလည်တာလား ဟင် ”

“ ဟုတ်တယ် ဘရဏီ၊ ပျင်းတာနဲ့ မြို့ထဲဘက် သွားမလားလို့ ”



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို အတော်ပဲ ဘရဏီကို တစ်ခုခု လိုက်ကြွေးခိုင်းရမယ်၊ ခဏလေးစောင့်နော်၊ ဘရဏီ အဝတ်အစား လဲလိုက်ဦးမယ် "

ဂါဝန်လေးတကားကားနှင့် ကလေးဆန်စွာ ပြေးထွက်သွားသော သူမအား ကျောက်လက်ဝါး စိုက်ကြည့်နေမိသည်။

( ဒီလိုလေးဝတ်ထားလည်း တစ်မျိုးလှတာပါပဲလား ဘရဏီရယ် )

( ဂျင်းပင်ပြာ ဝမ်းဆက်လေးဝတ်မယ်၊ သူက ဆိုင်ကယ်ကြီးနဲ့)

ဘရဏီတစ်ယောက် အကျီများ တစ်ထည်ပြီးတစ်ထည် လဲလှယ်သည်။ ဂျင်းပင်ပြာဝမ်းဆက်ကလေးကျမှ စိတ်တိုင်းကျ သွားတော့သည်။

သူမ ခါတိုင်းထက် ပို၍ အလှပြင်နေမိသည်။

ဂျင်းပင်ပြာ ဝမ်းဆက်ကလေးနှင့် လိုက်ကာကြားမှ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော " ဘရဏီ" အား ကျောက်လက်ဝါးတစ်ယောက် စိုက်ပြီး ကြည့်နေရာ ဘရဏီမှာ ကျောက်လက်ဝါး၏ မျက်ဝန်းပြာကြီးများ နှင့် ရင်ဆိုင်လိုက်ရသဖြင့် ရှက်သွား၏။

"အို . . . ဘာမှန်းလဲ မသိဘူး"

မျက်ဝန်းလေးများ တစ်ဖက်သို့ လွှဲကာ ကျောက်လက်ဝါးအား စိတ်ဆိုးဟန်ဖြင့် သူမပြောလိုက်သည်။

" ဟွန်း . . . လူကို ခုမှမြင်ဖူးတာကျနေတာပဲ၊ ကြည့်နေလိုက် တာ ဘရဏီ မနေတတ်တော့ဘူး "

" ဘရဏီ ခါတိုင်းထက် ဒီနေ့ ပိုလှနေလို့ "

ဘရဏီ မျက်နှာလေး ရဲတက်သွား၏။

" ကဲ နောက်တော့မှ လှပေတော့ ၊ ခုသွားမယ် ၊ ဘရဏီ ဗိုက်ဆာလှပြီ "

www.burmeseclassic.com

www.burmeseclassic.com



ခြေကလေးစောင့်ပြီး ထွက်သွားသော ဘရဏီနောက်သို့ ကျောက်လက်ဝါး အသာကပ်လိုက်ခဲ့သည်။

" ဟင်း . . . ဒုက္ခပါဘဲ၊ ဆိုင်ကယ်ကြီးနဲ့ဆိုတော့ ဘရဏီက ရှေ့ကသူ့ကို နောက်ကနေပြီး ဖက်ထားရဦးမယ် "

" လမ်းလျှောက်ပြီး သွားကြမယ်လေ ဘရဏီ "

" အယ် . . . ဒီလောက်အဝေးကြီးကို ကဲပါ၊ ဒီက အလကား စတာပါ၊ ကိုယ့်ဆိုင်ကယ်ကိုစီးချင်လို့ မြို့ထဲလိုက်မယ်လို့ ပြောတာ ပေါ့ ငတုံးကြီးရဲ့ "

( ဩော် . . . ဒါနဲ့များ ဘရဏီလေးရယ် )

ကျောက်လက်ဝါး ဆိုင်ကယ်အား ပုံမှန်မောင်းနေရာမှ ကားရှင်းသော နေရာအရောက် အမြန်နှုန်းကို မြှင့်လိုက်သည်။

" ဝေါ . . . ဝေါ . . . ဗရော "



www.burmeseclassic.com

www.burmeseclassic.com



" ဟော့ . . . . ကိုယ် . . . . ဘရဏ်ကြော်ကြောက်တယ်ကွာ ဖြည်းဖြည်းပဲ မောင်းပါ"

" ကိုယ် . . . ဟုတ်လား ဘရဏ်၊ နားထောင်ကောင်းလိုက်တာ ကွာ၊ နောက်တစ်ခေါက်လောက် ထပ်ခေါ်ပါအုံး "

" သွား မခေါ်တော့ဘူး၊ လူလည်ကြီး တော်တော်အသားယူ"

ဘရဏ်တစ်ယောက် ရှက်စနိုးဖြင့် ကျောက်လက်ဝါး ကျောပြင်ကြီးအား တဘုန်းဘုန်းနှင့် ထုနေတော့သည်။

သူတို့၏ ဆိုင်ကယ်လေး စားသောက်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

" ရောက်ပြီ ဘရဏ် ဒီဆိုင်က လက်ရာ တော်တော်လေး ကောင်းတယ် "

သူတို့နှစ်ဦး စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



" ညီလေးရေ၊ ကြေးအိုးတစ်ပွဲ၊ ရှမ်းခေါက်ဆွဲနှစ်ပွဲ၊ အချိုရည်နှစ်ဗူး၊ မြန်မြန်လေးလုပ်ကွ "

" ရမယ် အစ်ကိုလေး ၊ ရမယ် "

သူက စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိဖွာရှိုက်နေလိုက်သည်။ မီးခိုးငွေ့များက သူ၏ နှာခေါင်းနှင့် ပါးစပ်မှ တလိပ်လိပ် ထွက်လာကြသည်။

" ကိုယ် . . . စီးကရက်တွေ အရမ်းမသောက်နဲ့လေ "

" ဗျင်းလို့ပါ ဘရဏီ "

" ဘရဏီရှိနေပြီပဲကွာ၊ မသောက်နဲ့တော့နော် "

" ကဲ ဘရဏီ့သဘောပဲဗျာ "

သူတို့နှစ်ဦး စားစရာများကို မြိန်ရှက်စွာ စားနေကြသဖြင့် ဘေးနှစ်ဘက်မှ သူတို့ကို ဝိုင်းလိုက်ကြသော လူသုံးယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထင်မထားခံလိုက်ကြ။

" တဲ မိတ်ဆွေကြီး (Seven Top)မှာ တင်သွားတဲ့ ရန်ကြွေး လေးကို ဆပ်လိုက်ပါရစေဦး "

ပြောပြီးသည်နှင့် ကျောက်လက်ဝါးအား လက်ထဲမှ သံဒုတ်ဖြင့် ရိုက်ချလိုက်သည်။

ကျောက်လက်ဝါး ဘယ်လက်ဖြင့် ကာထုတ်လိုက်ပြီး လွတ်ဟာ နေသော မေးရိုးအား လက်သီးဖြင့် ထိုးချလိုက်သည်။

" ဖျောင်း . . . ဖျောင်း "

" အား "

ကျန်လူမိုက်နှစ်ယောက် မောင်းပြန်ဓား ကိုယ်စီထုတ်လိုက် သည်။

" ကာလစ် "



www.burmeseclassic.com

www.burmeseclassic.com



" ဖျောက် . . . ဖျောက် "

ဘရဏီနှင့် ကျောက်လက်ဝါး ကျောချင်းကပ်ထားလိုက်ပြီး သူတို့အဝင်ကို စောင့်နေလိုက်သည်။

" သတိထားနော် ဘရဏီ၊ ဒီကောင်တွေ ကိုယ်တို့ကို မဲနေတာ"

" ကိုင်း . . . သေစမ်းကွာ "

" ဝိုး " " ဖျောင်း "

" အားလားလား "

အလစ်တွင် ဖြတ်ထိုးလိုက်သော ဂျိန်း၏ ဓါးချက်အား ရှောင်လိုက်ပြီး ကျောက်လက်ဝါးက နံကြားသို့ ခြေစောင်းတိုက် ကန်သွင်းလိုက်သည်။

လူမိုက်ကြီး ဇီဒါန်းနှင့် ဘရဏီမှာ တစ်ယောက်နှင့်တစ်ယောက် အလစ်မပေးဘဲ သူ့ဟာကွက် ကိုယ့်ဟာကွက်ကို စောင့်ဆိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com


ကြ၏။

ဇီဒါန်းက ဘယ်ဖြင့်ပြန်ပြပြီး ညာဘက်မှ ဓားဖြင့် ဘရဏီ၏ ဝမ်းဗိုက်ဆီသို့ ထိုးချလိုက်သည်။

ဇီဒါန်း၏ ပွဲသိမ်းက မရှုမလှ။

ဇီဒါန်း၏ ပြေးထိုးလာသော လက်ကို ဖမ်းလိမ်ပြီး ဘရဏီက ကိုင်အပေါက် သူ့လက်မှဓါးက သူ့ဝမ်းဗိုက်ကို ထိုးစိုက်ဝင်သွားခြင်း ပင် ဖြစ်သည်။

" ဝုန်း "

" အား "

" အင်း . . . သူ့စရိတ်နဲ့သူ သွားရှာပြီ "

လူမိုက်ဂိုဏ်းအား မဲ၍ တိုက်ခိုက်နေသော ကျောက်လက်ဝါးကို နာကီက နောက်မှ ဓါးဖြင့် ပြေးထိုးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



" ကို . . . နောက်မှာ "

ဘရဏီအသံကြောင့် ကျောက်လက်ဝါး ရှောင်လိုက်သော်လည်း ဓါးသွားက ကျောက်လက်ဝါး၏ ကျောပြင်အား စိုက်ဝင်သွားတော့သည်။

" စွပ် "

" အား . . . "

ကျောက်လက်ဝါးက ဓါးဒဏ်ရာကို သတိမထားနိုင်ဘဲ နာကီအား ဖမ်းချုပ်ပြီး သူ ဘရဏီအား မျက်ရိပ်ပြလိုက်သည်။

ဘရဏီ လေထဲတွင် ခုန်ပျံဝဲလာပြီး နာကီ မျက်နှာကြီးအား ခြေစ်ပတ်လည် ပစ်ကန်ချလိုက်သည်။

" ဗျောင်း "

" အား "

www.burmeseclassic.com

www.burmeseclassic.com



" ဗုန်း "

အားပါလှသော ဘရဏီ၏ ကန်ချက်ကြောင့် နာကို တစ်ယောက် ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားသည်။

လက်နက်အားကိုးဖြင့်သာ မိုက်ရဲကြသော လူမိုက်ကြီးများ ကြမ်းပြင်ပေါ် မှောက်ကျကုန်တော့သည်။

စားသောက်ဆိုင်အတွင်းရှိသူများမှာလည်း သူတို့သုံးယောက် ကို မည်သူမှ ဝင်ပြီး တားဆီးခြင်း မပြုရဲကြ။ ထိုသုံးယောက်မှာ ရွာကျော်လူမိုက်များ ဖြစ်ဟန်တူသည်။

စားပွဲဝိုင်းရှိ စားသောက်နေကြသူများ ယခုမှပင် အေးဆေးစွာ စားသောက်နိုင်ကြတော့သည်။

" ဟယ် ကိုဒဏ်ရာက သွေးတွေအရမ်းထွက်နေပါလား။ လာ ဘရဏီကိုတွဲ၊ အိမ်ကို မြန်မြန်ပြန်မှဖြစ်မယ် "

www.burmeseclassic.com

www.burmeseclassic.com



ဘရဏီက ကျောက်လက်ဝါးကိုတွဲကာ ဆိုင်အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

တစ်ဆိုင်လုံးရှိသူများမှာ ကျောက်လက်ဝါးနှင့်ဘရဏီကို တအံ့တသြ ကြည့်ကာ ကျန်ရစ်ခဲ့ကြသည်။

ဘရဏီတစ်ယောက် မိမိအတွက်နှင့် မားစာခံဖြစ်သွားရရှာသော ကျောက်လက်ဝါးကို သနားနေမိသည်။

ကျောက်လက်ဝါးတစ်ယောက် ကုတင်ထက်တွင် မှိန်းနေရင်းမှ တကျွတ်ကျွတ်ဖြင့် ညီးညူနေသည်။

ကျောက်လက်ဝါးကိုကြည့်ပြီး ဘရဏီ သနားနေမိတော့သည်။

( ဒီသုံးယောက်ဟာ ငါနဲ့ပတ်သက်နေတာကို မသိရှာဘူး၊ ကိုယ့်ကို ငါ ဒီအကြောင်းတွေ ပွင့်ပွင့်လင်းလင်းမဲ့ ပြောပြရရင် ကောင်းမလား )



www.burmeseclassic.com

www.burmeseclassic.com



( တစ်ပွဲတစ်လမ်းတော့ တွေ့ကြသေးတာပေါ့ ဦးဗညားရယ်၊ တောက် . . . ရှင် မိုးကောင်းတုန်း ရွာတုန်းပေါ့ )

ဘရဏီ နာကျည်းစွာ ကျိန်းဝါးလိုက်မိသည်။

ဖေဖေနှင့်မေမေကိုလည်း သူမ အရမ်းသတိရမိသည်။ အတိတ်ဆီသို့ စိတ်ရောက်သွားသည်နှင့် ခါးသီးလှသော အဖြစ်အပျက်များက တဖြည်းဖြည်း သူမမျက်ဝန်းထဲ တရေးရေး ပေါ်လာခဲ့သည်။

လွန်ခဲ့သော (၁၆)နှစ်ခန့်က မိုးမိတ်မြို့လေး၏ တောင်ဘက်မိုင်လေးဆယ်ကျော် ဝေးသော မိုးညှင်းမြို့ကလေးတွင် ကျောက်သူဌေး ဦးနေဒွန်းနှင့် ဒေါ်ရှယ်လီဆိုလျှင် မသိသူ မရှိသလောက်ပင် သဘောသကာယကောင်းသဖြင့် လူအများက ချစ်ခင်လေးစားကြသည်။

" ကိုကို ဒီနေ့ ဖားကန့်ဘက်က ကျောက်ကောင်းတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်မလို့ ရှယ်လီ လိုက်ဦးမလား၊ ကိုကိုကားနဲ့ သွားမှာ ”

“ ဒီတစ်ခေါက်တော့ မလိုက်တော့ဘူး ကိုကို၊ ရှယ်လီ နောက်တစ်ခေါက်မှ လိုက်မယ် ”

“ ဒါဆို ကိုကို ဗညားကို ခေါ်သွားလိုက်မယ်နော်၊ မိုးညိုကို သွားဖို့ကိစ္စ တခြားသူကို လွှတ်လိုက်တော့ ”

ဗညားမှာ ဦးနေဒွန်းနှင့် ဒေါ်ရှယ်လီတို့၏ တပည့်ဆိုလည်း ဟုတ်၊ လူယုံဆိုလည်း ဟုတ်သည်။

ဗညားက လက်ရဲဇက်ရဲရှိလှသည်။ ထို့ကြောင့် ဦးနေဒွန်းက ဗညားအား သူ၏ လူယုံတပည့် ညာလက်ရုံးအဖြစ် သွားလေရာ ခေါ်သွားလေ့ရှိသည်။

ဗညားကို ဦးနေဒွန်း လက်မလွှတ်နိုင်သော အချက်ရှိသည်။ ဗညားက ပထ္တမြားလောကနှင့် ကျောက်လောကတွင် ဦးနေထွန်း



www.burmeseclassic.com

www.burmeseclassic.com



ထက်ပင် ကျွမ်းကျင်၏။ ကျောက်တစ်လုံးကို ကြည့်လိုက်ရုံနှင့် ၎င်း၏ တန်ဖိုးကို တန်းကနဲ အတတ်ပြောနိုင်သည်။

ဦးနေဒွန်း ကြီးပွားသထက် ကြီးပွားလာအောင် ဗညားက အကူအညီ ပေးခဲ့သည်။

ဖားကန့်မြို့ပေါ်သို့ ဦးနေဒွန်းနှင့် ဗညား ရောက်သောအခါ ကျောက်ပွဲစား အိုက်ပန်က ဦးနေဒွန်းအား ကျောက်နှစ်လုံး ထုတ်ပြသည်။

“ ဆရာနေဒွန်းကို ခေါ်လိုက်တာကတော့ ဒီပစ္စည်းကိစ္စပဲ၊ အလုံးကြီးက သိန်း(၅၀)၊ ဒီအလုံးသေးကတော့ သိန်းအစိတ်လောက်ရရင် ရောင်းမယ်၊ ရော့ ပစ္စည်းကို သေသေချာချာ စစ်ကြည့်ပါအုံး ”

“ဗညား သေချာကြည့်စမ်း၊ ရော့ ပစ္စည်းက သူဆို့ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



တန်ရဲ့လား ”

ဗညားက ကျောက်နှစ်လုံးအားယူပြီး စစ်ဆေးကြည့်လိုက်သည်။

“ အင်း . . . အလုံးကြီးက ဆရာ့အတွက် အနည်းဆုံး ဆယ့်ငါးသိန်းလောက် ကျန်နိုင်တယ်၊ အသေးဆုံးကတော့ မကျန်နိုင်ဘူး၊ ဆရာ အရင်းအတိုင်းပဲ ရမှာ ”

( ငါ့မှာပါလာတဲ့ ထမင်းစားကျောက်က ဒီကျောက်အသေးနဲ့ လုံးတူ ရွယ်တူပဲ၊ ဆရာနေဒွန်းတို့ မသိအောင် လဲထားလိုက်မယ်)

ဗညားတစ်ယောက်မှာ ပါလာသောကျောက်အပေါစားနှင့် နှစ်ဆယ့်ငါးသိန်းခန့်တန်သော ကျောက်ကို မည်သူမှ မသိအောင် လဲထားလိုက်တော့၏။

ဦးနေဒွန်းနှင့် ပွဲစားအိုက်ပန်မှာ စကားကောင်းနေသဖြင့် သူ့ကို လုံးဝ သတိမထားမိလိုက်ကြ။



www.burmeseclassic.com

www.burmeseclassic.com



အိုက်ပန်ကလည်း ကျောက်၊ ရတနာ၊ ပတ္တမြား ရောင်းဝယ်သော လောကတွင် နာမည်ပျက် မရှိသော ဦးနေဒွန်းကြောင့် ဗညားကိုလည်း စိတ်ချလက်ချ ပေးကြည့်လိုက်ခြင်း ဖြစ်သည်။

" ဗညား ပစ္စည်းက ငါယူလိုက်လို့ ကိုက်ပါ့မလား "

ဦးနေဒွန်းက ဗညားနံဘေးကပ်ပြီး မေးလိုက်သည်။

" အလုံးကြီးကိုယူလိုက် ဆရာ၊ ဆရာ့အတွက် ဆယ့်ငါးလောက် ကျန်နိုင်တယ်၊ အလုံးသေးကိုမယူနဲ့ ပြန်ပေးလိုက် ဆရာ "

ဗညားတစ်ယောက် မှင်သေသေဖြင့်ပြောပြီး ကျောက်နှစ်လုံးအား ဦးနေဒွန်းကို ပေးလိုက်သည်။

" ကဲ အိုက်ပန်၊ ငါ အလုံးကြီးကိုယူမယ်၊ အသေးကတော့ သိပ် မကြိုက်ဘူးကွာ "

" ဟာ ရပါတယ် ဆရာနေဒွန်း ကြိုက်တာကိုသာယူပါ၊



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ကို အားမနာပါနဲ့ ”

ဦးနေဒွန်းက ကျောက်အလုံးသေးကို အိုက်ပန်အား ပြန်ပေး

လိုက်ပြီး အလုံးကြီးဖိုးကို ငွေချေပေးပြီး ဆရာတပည့်နှစ်ယောက်

မိုးညှင်းသို့ ပြန်လာခဲ့ကြသည်။

“ ရော့ ဗညား၊ မင်းအတွက်ဘောက်ဆူး ငါးသောင်း ”

“ ဟာ ဆရာ ကျွန်တော်မယူပါဘူးဆရာ ”

“ ဘာလဲ ဗညား နည်းလို့လား၊ ရော့ ဒါဆိုရှစ်သောင်းယူ”

“ မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော့်မှာ ငွေမလိုသေးလို့

ပါ လိုတဲ့အချိန် ဘယ်မှာငြင်းလို့လည်း ”

ဦးနေဒွန်းတစ်ယောက် နည်းနည်းတော့ အံ့သြနေသည်။ အမြဲ

ငွေတောင်းနေတတ်သော ဗညားက ငွေမလိုဘူးတဲ့၊ ဦးနေဒွန်း

ငွေစက္ကူအိတ်ဆံများကို ပြန်သိမ်းလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်း အံ့ဩမည်ဆိုလည်း အံ့ဩစရာ။ ဗညားက စွယ်စုံ၊ အရက်၊ ဖဲ၊ မိန်းမ၊ လောင်းကစား တစ်ခုမှ မလွတ်။ အထူးသဖြင့် ခြောက်ကောင်ဂျင် ကစားရသည်ကို အထူးနှစ်သက်သည်။ နိုင်သည့်အခါ နိုင်သလို ရှုံးသည့်အခါလည်းရှိသည်။ ဒါပေမယ့် ရှုံးသည်က များ၍ ဦးနေဒွန်း ဖြေရှင်းပေးရသော အကြွေးတွေက မနည်းတော့။ အရည်အချင်းတစ်ခုကောင်းလေး ရှိနေခြင်းကြောင့်လည်း ဦးနေဒွန်းက မပစ်ပယ်နိုင်ခြင်း ဖြစ်သည်။ ဗညားကလည်း ပါးသည်။ ဦးနေဒွန်းအသိကမရလျှင် ဒေါ်ရှယ်လီဆီမှာ တောင်း သည်။

ဦးနေဒွန်းတို့ စီးလာသော ကားလေး တိုက်ရှေ့ ရပ်လိုက်သည်နှင့် . . .

" မေမေရေ ဖေဖေပြန်လာပြီ၊ ဟေး ဖေဖေပြန်လာပြီကွ "

" ဘုရားကျွန်မ သမီးလေး ထမင်းစားပြီးပြီလား "



www.burmeseclassic.com

www.burmeseclassic.com



" မစားသေးဘူး၊ ဖေဖေ့ကို စောင့်နေတာ "

" ဆရာ ကျွန်တော် ပြန်တော့မယ် "

" အေး အေး၊ ဗညား ကားယူသွား "

" ဟုတ်ကဲ့ ဆရာ "

ဗညား၏ ကားလေး ထွက်သွားမှ သူတို့ အိမ်ထဲ ဝင်လာခဲ့ကြသည်။

" အဆင်ပြေလား ကိုကို "

" ပြေပါတယ် ရှယ်လီ၊ ဗညားက ကိုယ့်အတွက် ဆယ့်ငါးသောက်ကျန်မယ် ပြောတာပဲ "

" ဗညားကို သုံးဖို့ ပေးလိုက်သေးသလား "

" ပေးတယ် ရှယ်လီ၊ ကိုယ်တော်က မလိုသေးဘူးတဲ့၊ ယူမသွားဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဖားကန့်မှ ပြန်လာပြီး လေးငါးရက်ကြာသည်အထိ ဗညား တစ်ယောက် ဦးနေဒွန်းအိမ်ဆီသို့ ရောက်မလာဘဲ ပျောက်ချက် သားကောင်းနေသည်။

" ရှယ်လီ ဗညားတစ်ယောက် အိမ်မရောက်တာ ကြာပြီနော်၊ ဖားကန့်က ကိုကိုနဲ့ ပြန်လာပြီးကတည်းက ပျောက်နေတာ ၊အကြောင်းရှိမယ် ရှယ်လီ၊ ဒီကောင် ဒီလောက်ကြာကြာ မလာဘဲ မနေဘူးပါဘူး . . . "

" တီ . . တီ . . . တီ "

ကျယ်လောင်လှသော ကားဟွန်းသံကြောင့် ဦးနေဒွန်း အိမ် အပြင်ဘက်သို့ ထွက်လာခဲ့သည်။

" ဟာ အိုက်ပန်တို့ပါလား၊ လာကြ အိမ်ထဲဝင် "

" မဝင်တော့ပါဘူး ဦးနေဒွန်း၊ ခင်ဗျားဟာ ဘီလူးမင်းသားရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းထားတာပဲ၊ ဟန်ဆောင်လည်း တစ်ကယ်ကောင်းပါ့ဗျာ '

" ဒီမှာ အိုက်ပန်၊ စကားကို ယောက်ျားပီသစွာ တည့်တည့် ပြောကွာ၊ မင်းပြောတာကို ငါ နားမလည်ဘူး "

" နားမလည်တော့လည်း လည်အောင် ပြောပြရတာပေါ့၊ ဦးနေဒွန်း ကျောက်လာဝယ်တဲ့ နေ့ကို မှတ်မိမှာပေါ့ ၊ ကျုပ်က ဦးနေဒွန်းကို ယုံကြည်စွာနဲ့ ကျောက်နှစ်လုံးစလုံး ပြခဲ့တယ်လေ"

" ဟုတ်တယ်လေ၊ ကျုပ် အကြီးကို ကြိုက်လို့ ယူလိုက်ပြီး၊ အသေးကို ပြန်ပေးခဲ့တာပဲ "

" ကျုပ်တို့လာခဲ့တာ အဲဒီကိစ္စပဲ ဦးနေဒွန်း၊ ခင်ဗျား ကျုပ်တို ပြန်ပေးခဲ့တဲ့ ကျောက်က ထမင်းစားကျောက်၊ ကျောက်အတုကြီး ။ ခင်ဗျားက ကိုယ့်ဂုဏ်သိက္ခာကိုမှ မထောက် လုပ်ရက်တယ် "

" မဟုတ်ဘူး အိုက်ပန် . . . မဟုတ်ဘူး၊ ခင်ဗျား ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မစွပ်စွဲနဲ့၊ ခင်ဗျားကျောက်ရဲ့ တန်ဘိုးဆယ်ဆလောက်ကြီးတဲ့ အလုပ်တွေမှာတောင် ကျုပ် နာမည်ပျက် မရှိခဲ့ဘူး"

" ဒါကို ကျုပ်တို့လည်း သိပါတယ်၊ ရော့ ခင်ဗျား ဒီကျောက်အတုကို ဘယ်လိုရှင်းမလဲ "

ဦးနေဒွန်းခေါင်းထဲသို့ အသိတစ်ခု ဝင်လာသည်။ ဗညားဟုတ်ပြီ၊ ဒီကောင် ငါပိုက်ဆံပေးတော့လည်း မယူဘူး၊ တောက်တော်တော်ယုတ်မာတဲ့ အကောင်

" ကောင်းပြီလေ၊ ဒီကိစ္စကို ကျုပ်ရှင်းပေးမယ်၊ ကျုပ်တပည့်လို့ ထင်တာပဲ၊ ကျုပ်ကိုတော့ သံသယရှင်းပါ၊ အဲဒီနေ့က သူ့တို့ပေးကြည့်လိုက်မိတာ ကျုပ်အမှားပဲ "

" ရပါတယ် ဦးနေဒွန်း ခင်ဗျားပြောတာကို ကျုပ်တို့ယုံပါတယ်၊ ကျုပ်တို့ပစ္စည်းပြန်ရရင် ကျေနပ်ပါပြီ . . . ကဲ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



သွားမယ် ”

“ ကောင်းပြီ အိုက်ပန် ”

“ ဝူး . . . ဝူး. . . . . ဝေါ ”

အိုက်ပန်တို့ကားလေး ဝေးသွားတော့မှ သူ အိမ်ထဲသို့ ဝင်လာခဲ့သည်။

“ ကိုကို ဘာဖြစ်လို့လဲဟင်၊ ရှယ်လီ ရင်တွေ တုန်လိုက်တာ”

“ ဟိုကောင်ဗညားပေါ့၊ အိုက်ပန်ရဲ့ သိန်းအစိတ်တန်ကျောက်တို သူ့ဆီက ထမင်းစားကျောက်နဲ့ လဲသွားတယ်လေ၊ တောက်. . ! အလကားကောင်၊ သစ္စာမရှိတဲ့ကောင် ”

“ ကိုကိုရယ် ဗညားကိုလည်း သေသေချာချာ မေးကြည့်ပါအုံး၊ သူ ရှယ်လီတို့သိက္ခာကျလောက်အောင်တော့ လုပ်မယ်မထင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



" လှပ်တယ် ရှယ်လီ၊ ဒီကောင့်ကို ဇရှာ့မတွက်နဲ့. သူ့မှာ အကြွေးဆယ်သိန်းကျော်ရှိတယ်၊ ကိုကို့ကို ကားသော့ပေးစမ်း ဒီကောင့်ဆီကို အချိန်မှီ လိုက်မှဖြစ်မယ် "

" သိပ်လဲ စိတ်မစောပါနဲ့. ကိုကို၊ ဖြည်းဖြည်းအေးအေး စဉ်းစားပါအုံး "

" အေးလို့မရဘူး ရှယ်လီ ၊ ဒီကျောက် တခြားရောက်သွားရင် မလွယ်ဘူး ၊ ကဲ ငါလိုက်သွားအုံးမယ်၊ အိမ်ကို ရောက်လာခဲ့ရင်လည်း စောင့်ခိုင်းထား "

" ဝူး . . . . ဝူး "

ဦးနေဒွန်းတစ်ယောက် ကားမောင်းပြီး ဗညားရှိတတ်သော ကစားဝိုင်းသို့ ထွက်လာခဲ့သည်။

ဗညားတစ်ယောက် ချွေးသီးချွေးပေါက်ကျနေပြီး သူထိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဒိုင်က စားသွားသည်။ သူထိုးသည့်အကွက် မကျလေ ဖိထိုးလေဖြင့် ပါသမျှ ကုန်လုနီးပါး ဖြစ်နေပြီ။

" ကဲ ဒီတစ်ခါတော့ လက်(စ်)ပွဲပဲ၊ လာခဲ့စမ်းကွာ၊ ဒီလောက်မကျနိုင်တဲ့ဖား "

ဗညား ဖားရုပ်အကွက်တွင် လက်ထဲရှိသမျှ ငွေအထပ်လိုက်အားချထိုးလိုက်သည်။

" ကဲ လက်ရှောင် ၊ ဖွင့်မယ် "

ဒိုင်လုပ်သူက အုပ်ထားသော ယွန်းခွက်အား ဆွဲမလိုက်သည်။

" ဟာ ရှည့်တဲ့ကွာ၊ တောက် ကုန်ပြီ "

ငွေအထပ်လိုက်အား ဒိုင်လုပ်သူက ဆွဲသိမ်းသွားသည်။

" တော်ပြီလား ဗညား၊ လိုရင် ငါတို့ဆီကယူလေ "

အပေါင်းအသင်းများက သူ့ကို ဆွယ်နေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" တော်ပြီကွာ၊ ငါဒီနေ့ ကံမလိုက်ဘူး၊ ပြန်တော့မယ် "

ဗညားတစ်ယောက် ခေါင်းငိုက်စိုက်ချပြီး ကစားဝိုင်းမှ ထွက်လာခဲ့သည်။

ဦးနေဒွန်း ကားကို ဗညားရှေ့တွင် ပိတ်ပြီး ရပ်လိုက်သည်။

" ကွို "

" ဟင် ဆရာနေဒွန်း "

ဦးနေဒွန်း ကားတံခါးဖွင့်ကာ ဆင်းလာခဲ့သည်။

" ဟော့ကောင် ဗညား၊ ဘယ်မလဲ အိုက်ပန်ဆီက မင်းလဲသွားတဲ့ ကျောက် "

ဗညား သူ့ဆရာ ဦးနေဒွန်းကိုတော့ ကြောက်သည်။

" မ . . . မရှိတော့ဘူး ဆရာ "

" မရှိလို့မရဘူး ဗညား၊ မင်း ငါ့ကို မညာနဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော့်မှာ တကယ်ကို မရှိတော့ဘူး ဆရာ "

ဦးနေဒွန်း ဗညားအား စိတ်မရှည်တော့ . .

" မင်းမှာမရှိရင် ဘယ်ရောက်သွားလို့လဲ ဗညား၊ ငါ ဒေါသ မပါချင်ဘူးနော် "

" ကျွန်တော် ရောင်းလိုက်ပြီ ဆရာ "

" ဒါဆိုရင် ရောင်းလို့ရတဲ့ ငွေတွေရော "

" ငွေတွေလည်း မရှိတော့ဘူးဆရာ၊ ဂျင်ရှုံးလို့ ကုန်ပြီ "

" ခွေး . . . မင်းဟာ ခွေးပဲ ဗညား၊ ခွေးမှ ခွေးဝဲစားစစ်စစ်"

ဗညားမှာ သူ့ကို ခွေးနှင့် နှိုင်းသဖြင့် ဆတ်ဆတ်ခါ နာသွားသည်။

" ခင်ဗျား ကျုပ်ကို ခွေးနဲ့ မနှိုင်းပါနဲ့ ဦးနေဒွန်း "

" နှိုင်းတယ်ကွာ၊ နှိုင်းယုံတင်မကဘူး၊ မင်းကို ဒီလိုလုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ ”

“ ဖျောင်း ”

“ အား ”

“ခွပ် ”

“ အ”

“ ဘုန်း ”

“ အား ”

ဦးနေဒွန်းက ဗညားအား နှစ်ချက်ဆင့်ထိုးပြီး ကိုင်ပေါက်ချလိုက်သည်။

ဗညားတစ်ယောက် မြေပြင်ပေါ်တွင် ညီးညူနေ၏။

ဦးနေဒွန်းက ဗညား၏ ကော်လံစနှစ်စကို ဆွဲယူ ဆုပ်ကိုင်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com


" ဒီမယ် ဗညား၊ မင်းဟာ ထမင်းကြွေးတဲ့ လက်ကိုမှ ပြန်ကိုက်တဲ့ ခွေးပဲ၊ မင်းလုပ်ရပ်ကြောင့် ငါ ဘယ်လောက်အထိ သိက္ခာကျသွားသလဲဆိုတာ မင်း သိရဲ့လား၊ အေး . . . အိုက်ပန်ကို ကျောက်ရဲ့ တန်ဖိုး သွားပေးလိုက်မယ်၊ မင်းနဲ့ ငါနဲ့ ဒီနေ့ကစပြီး ဇာတ်လမ်း အပြတ်ပဲ ဗညား "

ပြောပြီးသည်နှင့် ဦးနေဒွန်း ကားပေါ်တတ်ကာ မောင်းထွက်ခဲ့သည်၊

" ဦး "

" ဦး "

" တောက် . . . တွေ့ကြသေးတာပေါ့ ဦးနေဒွန်းရယ်၊ တစ်နေ့ ဗညားအကြောင်း ကောင်းကောင်းသိစေရမယ် "

ဗညားက ဦးနေဒွန်းကို နာကျည်းနေမိသည်။ ဦးနေဒွန်း


www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ချမ်းသာလာသည်မှာ သူ့ကျေးဇူးမကင်း၊ သူ့ကြောင့် အမြတ်အစွန်း ရရှိသည်က သိန်းသုံးရာမကတော့၊ ပိုက်ဆံ နှစ်ဆယ့် ငါးသိန်းလောက်နှင့် သူ့ကို ပက်ပက်စက်စက် ပြောပြီး လက်ပါ ပါလာသည်။

ဦးနေဒွန်း ဗညားအား သတိရနေမိသည်။ ဗညား အိမ်သို့ မလာသည်မှာ သုံးလကျော်သွားပြီ။ တပည့်ရင်းကြီးဆိုတော့လည်း ဘယ်လောက်ဆိုးဆိုး ပစ်မထားရက်ပြန်။

" ကိုကို ဗညားတစ်ယောက် ပျောက်နေတာ ကြာပြီနော် "

" ဟုတ်တယ် ရှယ်လီ၊ ကိုကိုလည်း သူ့အကြောင်း တွေးနေတာ ကိုယ့်ကို စိတ်နာသွားပြီနဲ့တူတယ် "

လူတစ်ယောက်၏ တန်ဖိုးဆိုတာ ရှိနေတုန်းမှာ မသိသာခဲ့ သော်လည်း ထိုသူမရှိကာမှ သူ၏ အသုံးဝင်ပုံကို သိလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်ပတ္တမြားပွဲစား သီဟက ဦးနေဒွန်းအား ပတ္တမြား ကောင်းတစ်လုံး ရထားကြောင်း လာပြောခဲ့သည်မှာ တစ်လကျော် ကြာသွားပြီ ဖြစ်သော်လည်း ဗညားမရှိသဖြင့် သွားမကြည့်ရ။

ဦးနေဒွန်း ဗညားအား ရှာပုံတော် ဖွင့်ရတော့သည်။

ထုံးစံအတိုင်း ဂျင်ဝိုင်းတွင် ဗညားအား သွားတွေ့သည်။

" ဗညား . . . မင်းငါ့ဆီကို ဘာလို့ မလာတာလည်း "

ဗညားမျက်နှာ တစ်ချက်မဲ့သွားပြီး . . .

" ကျုပ် ခင်ဗျားဆီ လာစရာအကြောင်းမှ မရှိတာ "

ပြောမည့်သာပြောရသည် ။ ကစားဝိုင်းတွင် သူအနားပင် မသီနိုင်။ ဦးနေဒွန်းနှင့် အဆက်မပျက်ခင်က အနည်းဆုံး တစ်လှည့်ကို ငါးထောင်လောက် ထိုးနိုင်သည်။

ဦးနေဒွန်းကလည်း သဘောပေါက်သည်။ ပိုက်ဆံအိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ငါးရာတန် တစ်ထပ်အား ထုပ်လိုက်ပြီး ဗညားအား ပေးလိုက်သည်။

" ရော့ ဗညား ၊ ဒါ မင်းသုံးဖို့၊ ဆရာ့ဆီကို မနက်ဖြန် လာခဲ့အုံး၊ မိုးကုတ်မှာ ပတ္တမြားတစ်လုံး သွားကြည့်ဖို့ရှိတယ် "

ဗညားက ကစားဖို့ ငွေရတော့ ပျော်သွားသည်။ ခုအချိန်တော့ ရေလိုက်ငါးလိုက် ဆက်ဆံရမှာပဲ၊ ငါ့ဂွင်ထဲရောက်မှ အပိုင်တွက် ပစ်လိုက်မယ်။

ဗညားမျက်နှာ ချက်ချင်း ပုံစံပြောင်းသွားသည်။

" ကျွန်တော်မနက်ဖြန်ကို လာခဲ့ပါ့မယ်ဆရာ "

" အေး ၊ ဒါဆိုရင် မင်းကိုစောင့်နေမယ် "

ကျောခိုင်းထွက်သွားသော ဦးနေဒွန်းအားကြည့်ပြီး ဗညား တစ်ယောက် ပြုံးလိုက်သည်။

သူ့အပြုံးက ကောက်ကျစ်စဥ်းလဲသောအပြုံးမျိုး။ ဦးနေဒွန်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ လုံးဝမသိပါလေ။

" ဆရာ အခု သွားကြည့်မယ်လေ၊ ပတ္တမြားက ဘယ်အရွယ်လောက်ရှိလဲ "

" ကြက် မဒန်းဥ အရွယ်လောက်တော့ ရှိမယ်၊ သူတို့က (၄၀၀) ဆိုထားတယ် "

" အရည်အသွေး ကောင်းခဲ့ရင်တော့ ဆရာ့အတွက် ကျန်မှာပါ"

ပွဲစားသိဟက သူတို့အား ဝမ်းသာစွာ စောင့်ကြိုနေသည်။

" ကြွပါဆရာနေဒွန်း၊ မနက်ကတည်းက ဆရာတို့ကို မျှော်နေတာ "

" မိန်းမရေ ဆရာတို့ဖို့ အအေးလုပ်ကွာ "

" ရော့ ဆရာနေဒွန်း၊ ပတ္တမြားက အရည်အသွေး ကောင်းသလားတော့ မမေးနဲ့၊ ကျွန်တော်ကတော့ (၄၀၀)နဲ့ ရောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ဗျာ ”

ယွန်းသေတ္တာ ဘူးလေးအတွင်း၌ ပတ္တမြားကြီးက အရောင်တဖျတ်ဖျတ် တောက်နေ၏။

“ ဘယ်လိုလဲ ဇညား၊ အရည်အသွေးကို ကြိုက်ရဲ့လား ”

“ ယူလိုက်ပါ ဆရာ၊ ဆရာ့အတွက် (၂၀၀)လောက် အနည်းဆုံးကျန်နိုင်တယ် ”

ဇညားပြောသလို ဦးနေထွန်းကိုယ်၌ကလည်း ပတ္တမြားကြီးကို အရည်အသွေးကောင်းမှန်း သိထားသည်ပဲလေ။

ပွဲစားကြီးဦးသိဟအား ငွေချေပြီး ပြန်ခဲ့ကြသည်။

ဦးနေဒွန်းတစ်ယောက် ပျော်နေသည်။ ပတ္တမြားကြီးက သူ့အတွက် အမြတ်အစွန်း ခေါက်ချိုးနီးပါးမျှ ကျန်နိုင်သည်။

“ ကိုကို ပြန်လာပြီလား ”



www.burmeseclassic.com

www.burmeseclassic.com


" အေး ရှယ်လီ ၊ သမီးလေးဘရဏီကော "

" အိပ်ပြီ ကိုကို "

" လာ ဗညား၊ အိမ်ထဲဝင်ပါဦးဟာ နင်ကလည်း "

" ရော့ ဗညား၊ နည်းတယ်များတယ် သဘောမထားနဲ့ တစ်သိန်းယူထားနော် ဟုတ်လား "

" ရပါတယ် ဆရာရယ် "

ထိုပတ္တမြားကြီး ရောက်လာခြင်းသည် ဦးနေဒွန်းတို့ မိသားစုလေးအတွက် ကြမ္မာဆိုး ဝင်မည့်အရိပ်လက္ခဏာပင် ဖြစ်တော့သည်။

ရွှေလိပ်ပြာ စားသောက်ဆိုင်အတွင်း၌ ဗညားနှင့် သူ့တပည့်သုံးယောက် ရေချိန်ကိုက်နေကြလေပြီ။

" မင်းတို့ ငါပြောတာကို သဘောကျရဲ့လား၊ မင်းတို့ နှုတ်လုံ


www.burmeseclassic.com

www.burmeseclassic.com



ဖို့ လိုတယ်နော် ”

“ ဟာ ဆရာကလည်း ၊ ကောင်းသလိုသာ လုပ်၊ အေး ဟုတ်တယ်မို့လား ဂျိန်း ”

မိုးညှင်းမြို့ကလေးမှာ ချမ်းအေးလှသော ဆောင်းညချမ်းတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ချမ်းအေးမှုကို ဂရုမထားနိုင်ဘဲ ည၏ အမှောင်ရိပ်ကို အားပြု ကာ လူလေးယောက် ကျောက်သူဌေး ဦးနေခွန်းအိမ်ကလေးသို့ ချဉ်းကပ်လျှက်ရှိသည်။

“ ဂျိန်းနဲ့ နာကီ မင်းတို့ အိမ်နောက်ဘက်က ဝင် ၊ ငါနဲ့ဇီဒါန်း အိမ်ရှေ့က ဝင်မယ် ”

“ ဟုတ်ကဲ့ ဆရာဗညား ”

မျက်နှာဖုံးစွပ်ထားသူ လေးယောက်အနက်မှ ဇော်ဝင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်သူက သူ၏ တပည့်များအား အမိန့်ပေးလိုက်သည်။

" ငါတို့အားလုံး ဦးနေဒွန်းအခန်းမှာ ဆုံကြမယ် ကြားလား"

" ဟုတ်ကဲ့ ဆရာ "

မျက်နှာဖုံး စွပ်ထားသူများက ဦးနေဒွန်း အခန်းဆီသို့ လူစုခွဲ ပြီး တက်ခဲ့ကြသည်။

နှစ်ယောက်က အိမ်ရှေ့ဘက် ဝရံတာမှတက်ခဲ့ကြသလို ကျန် နှစ်ယောက်က နောက်ဖေး ရေပိုက်လိုင်းကြီးကို တွယ်တက်နေပုံ မှာ အသည်းယားစရာပင် ကောင်းတော့သည်။

" ဂျိန်း သေချာကိုင်နော် ၊ ပြုတ်ကျရင် အကွဲပဲ "

ဦးနေဒွန်း၏ အခန်းရှေ့တွင် လေးယောက်သား ပြန်ဆုံမိ ကြသည်။

လေးယောက်စလုံး ခါးကြားမှ သေနတ်များအား ကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်ကြသည်။

" မင်းတို့တွေ သေနတ်ကို အရမ်းစွတ်မသုံးနဲ့နော် "

" ဟုတ်ကဲ့ အာစရိ "

" ကဲ ဝင်ကြမယ် သတိထားနော် "

ခေါင်းဆောင်လုပ်သူက တံခါးအား ခပ်ဆတ်ဆတ် ခေါက်

လိုက်၏။

" ဒေါက် . . . ဒေါက် . . . ဒေါက် "

ကျယ်လောင်လှသော တံခါးခေါက်သံကြောင့် ဦးနေဒွန်း

လန့်နိုးသွားသည်။

( ဒေါ်မွှုကတော့ လုပ်ပြီ၊ အိပ်ကောင်းချိန်ဆို ဘာလာပို့ပြန်လဲ

မသိဘူး၊ ခက်တော့တာပဲ )

ဦးနေဒွန်းတစ်ယောက် အိမ်ဖော်အဖွားကြီး ဒေါ်မွှုအမှတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးလိုက်၏။

" ကျွို "

" ဟာ "

"မင်းတို့ . . . မင်းတို့ "

" မလှုပ်နဲ့နော် ဦးနေဒွန်း "

မျက်နှာဖုံးစွပ် ခေါင်းဆောင်က ဦးနေဒွန်းရင်ဝအား သေနတ်ဖြင့် ထောက်ထားလိုက်သည်။ ဦးနေဒွန်း တွေ့လိုက်ရသည်က မျက်နှာဖုံးများ စွပ်ထားသော သေနတ်ကိုင် လူတစ်စု။

သူလှုပ်ရှားချိန်ပင် မရလိုက်၊ ခေါင်းဆောင်လုပ်သူက သူ၏ ရင်ဝအား သေနတ်ဖြင့် ထိုးချိန်ထားလိုက်သည်။

" ကဲ . . . ဦးနေဒွန်း၊ မနေ့က ခင်ဗျားမိုးကုတ်က ဝယ်လာတဲ့ ပတ္တမြားကြီး ကျုပ်တို့ကို ပေးပါ၊ လှုပ်လှုပ်ရှားရှားတော့

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်မကြံနဲ့နော်၊ ကျုပ်သေနတ်ရဲ့ ကျဉ်ဆံက လူမရွေးဘူး ”

ဦးနေဒွန်း တစ်ချက် တွေသွားသည်။ လူဆိုးခေါင်းဆောင်၏ အသံအား သူ ကြားဖူးနေသယောင်ယောင် ရှိသည်၊

( အင်း ငါမနေ့က ပတ္တမြားကြီးကို သိန်း (၄၀၀)နဲ့ ဝယ်လိုက်တာ သူတို့ ဘယ်လိုသိတာပါလိမ့်၊ ဦးသီဟများ မလိမ့်တပတ်လုပ်ပြီး သူ့လူတွေနဲ့ ကြံစည်တာများလား ၊ ဒါမှမဟုတ် ဗညားပဲ ဖြစ်နေမလား )

ဦးနေဒွန်းတစ်ယောက် ဝေခွဲရခက်နေတော့သည်။

ဦးသီဟာမှာလည်း ခေသူမဟုတ်။ ပွဲပေါက်ရှိပါက မထင်ရင် မထင်သလို ဆင်ကြံကြံတတ်သည်ပဲ။

နောက်တစ်ယောက်က ဗညား၊ ဒီကောင့်မှာ အကြွေးမပျက် လောင်းကစားကို မက်မောလွန်းလူ။



www.burmeseclassic.com

www.burmeseclassic.com



" ကဲ ဦးနေဒွန်း မြန်မြန်လုပ်၊ အချိန်မရှိဘူး "

ခေါင်းဆောင်က သေနတ်မောင်းတင်ပြီး ဦးနေဒွန်း ကျောပြင်အား ထောက်ကာ အမိန့်ပေးလိုက်သည်။

" ခင်ဗျားတို့ လိုချင်တာကို ပေးပါ့မယ်၊ ကျုပ်အသက်ကိုတော့ ရန်မရှာပါနဲ့ "

ဦးနေဒွန်း ခေါင်းအုံးအောက်မှ သော့တွဲကို ယူကာ မီးခံသေတ္တာအား ဖွင့်ပေးပြီး ယွန်းသေတ္တာလေးအား ခေါင်းဆောင်လုပ်သူကို ပေးလိုက်သည်။

ရုတ်တရက် ဒေါ်ရှယ်လီ အိပ်နေရာမှ နိုးလာပြီး သူ့အနားတွင် အသင့်ရှိနေသော ပန်းအိုးနှင့် သေနတ်ကိုင်ခေါင်းဆောင်၏ ဦးခေါင်းအား ရိုက်ချလိုက်သည်။

" ခွမ်း "



www.burmeseclassic.com

www.burmeseclassic.com



" အား "

အမှတ်တမဲ့ လျှင်မြန်စွာ လှုပ်ရှားလိုက်သော ဒေါ်ရှယ်လီ၏ ရိုက်ချက်က ခေါင်းဆောင်သေနတ်ကိုင်လူအား အထိနာသွားစေတော့သည်။

ခေါင်းမှ စီးကျလာသော သွေးများအား လက်ဖြင့်သုတ်လိုက်ပြီး ဒေါ်ရှယ်လီအား သေနတ်ဖြင့် ပစ်ချလိုက်တော့သည်။

" တောက် . . . မိန်းမယုတ်ကြီး၊ ကဲကွာ "

" ဒိုင်း " " ဒိုင်း " " ဒိုင်း "

" အား . . . "

" ဟင် မင်းတို့ ရော . . . ကဲကွာ "

" ခွပ် "

" အင့် "



www.burmeseclassic.com

www.burmeseclassic.com



" ဖျောင်း "

" အား "

ဦးနေဒွန်း ဒေါ်ရှယ်လီအား ရက်စက်စွာ သေနတ်ဖြင့်

ပစ်လိုက်သော ခေါင်းဆောင်အား တရစပ် တိုက်ခိုက်လိုက်သည်။

သေနတ်ကိုင် ခေါင်းဆောင်မှာ ဦးနေဒွန်း၏ တုံ့ပြန်မှုကြောင့်

ကြမ်းပြင်ပေါ် မှောက်သွားသည်။

ခေါင်းဆောင်လုပ်သူမှာ အခြေအနေမဟန်တော့သည်ကို

တွေ့ရသဖြင့် ကျန်လူဆိုးသုံးယောက်က ဦးနေဒွန်းအား သေနတ်

ဖြင့် ပစ်ချလိုက်တော့သည်။

" ဒိုင်း " " ဒိုင်း "

" အား . . . "

ခေါင်းဆောင်လုပ်သူမှာ လဲနေရာမှ ထလာပြီး သူ့တပည့်များ

www.burmeseclassic.com

www.burmeseclassic.com



အား အမိန့်ပေးလိုက်သည်။

" ဟော့ကောင်တွေ၊ မီးခဲသေတ္တာဖွင့်ပြီး အထဲက တွေ့သမျှ ရတနာတွေ အိတ်ထဲထည့်ခဲ့၊ မြန်မြန်လုပ်၊ ဘေးအိမ်ကလူတွေ ရောက်လာရင် မလွယ်ဘူး "

" စိတ်တော့ မကောင်းပါဘူး ဦးနေဒွန်း၊ ကျုပ် လာတုန်းကတော့ ခင်ဗျားတို့ကိုသတ်ဖို့ အစီအစဉ်မရှိပါဘူး "

" ဆရာ့ ဒါ သေတ္တာထဲကပစ္စည်း အကုန်ပဲ "

" အေး ဟုတ်ပြီ၊ သွားစို့ "

ကျယ်လောင်လှသော သေနတ်သံများကြောင့် တစ်ဖက်ခန်းတွင် အိပ်နေသော ဘရဏီ အိပ်ရာမှ နိုးလာခဲ့သည်။

" ဖေဖေနဲ့ မေမေရဲ့ အခန်းကပဲ "

ဘရဏီလေးတစ်ယောက် အပြေးလှမ်းလာခဲ့သည်၊ အခန်းဝ



www.burmeseclassic.com

www.burmeseclassic.com


အရောက် အသက်ခန္ဓာမဲ့နေပြီဖြစ်သော ဖေဖေနှင့် မေမေကို တွေ့လိုက်ရသဖြင့် အခြေအနေကို သဘောပေါက်သွားပြီ၊ လူဆိုးခေါင်းဆောင်၏ မျက်နှာအား လက်သည်းများဖြင့် အတင်း ဝင်ကုတ်ဖဲ့တော့သည်။

" ဖေဖေတို့ကို သတ်တဲ့လူကြီးတွေ၊ ကဲဟာ . . . ကဲဟာ "

" အား . . . "

" အီး . . . "

" ဟော့ကောင်တွေ၊ လုပ်ပါဦးဟ "

ခေါင်းဆောင်လုပ်သူမှာ မထင်မှတ်သော ဘရဏီလေး၏ တိုက်ခိုက်မှုကို ခံလိုက်ရကာ မျက်နှာဖုံးစွပ် စုတ်ပြဲသွားပြီး သူ၏ မူလရုပ် ပေါ်သွားခဲ့တော့သည်။

" ဟင် . . . ဦးဗညား၊ ဖေဖေတို့ကို ဦးဗညား သတ်လိုက်တာ


www.burmeseclassic.com

www.burmeseclassic.com



လာကြာပါအုံးရှင်၊ ဖေဖေတို့ကို ဦးဗညား သတ်လိုက်ပြီ လာကြပါအုံး ”

“ ဟာ ဟော့ကောင်တွေ၊ ဒုက္ခတော့ ရောက်ကုန်မှာပဲ၊ ဒီကောင်မလေးကို ဝိုင်းဖမ်းကြစမ်း ”

ဘရဏီလေးတစ်ယောက် လိုက်ဖမ်းသူများကို ရှောင်ရှားပြီး အိမ်အပြင်ဆီသို့ ပြေးထွက်လာခဲ့သည်။ ညောင်ပင်ကြီးထက်သို့ တက်ကာ ပုန်းနေလိုက်တော့သည်။

“ ဆရာ ဒီကောင်မလေး ကားလမ်းအတိုင်း ပြေးပြီနဲ့ တူတယ်၊ ခြံထဲမှာရှာတာလည်း နှံ့နေပြီ၊ ဘယ်မှာမှ မတွေ့ဘူး ”

“ အေး . . . တွေ့ရင်တော့ အသေသာ သတ်ပြစ်၊ ရှုပ်တယ် ”

လူဆိုးများ ခြံထဲက ထွက်သွားမှ ဘရဏီလေး သစ်ပင်ပေါ်က ဆင်းလာခဲ့သည်။ ထို့နောက် ကားဂိုထောင်မှ စက်ဘီးငယ်ယူကာ



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဘကြီးတော်သူ သိုင်းဆရာ စိုင်းလှအောင်ဆီသို့ စက်ဘီးဖြင့် လျှင်မြန်စွာ နင်းလာခဲ့တော့သည်။

" ဘဘရေ . . . ဘဘ "

" ဟော . . . ဘယ်သူတုန်းဟ "

" သမီးပါ. . . ဘဘ ၊ ဘရဏီပါ "

" ဟင် သမီးလေး၊ ညကြီးအချိန်မတော် ဘာဖြစ်လာတာလဲ"

" ဖေဖေနဲ့မေမေ မရှိတော့ဘူး ဘဘရဲ့ အီး ဟီး ဟီး ဟီး"

ဘရဏီသည် ဦးစိုင်းလှအောင်၏ ရင်ခွင်သို့ ပြေးဝင်ကာ ရှိုက်ကြီးတငင်ငိုချလိုက်တော့သည်။ ဘရဏီက အကြောင်းစုံရှင်းပြလိုက်မှ ဦးစိုင်းလှအောင် သဘောပေါက်သွားတော့သည်။

"တောက်. . . မိုက်ရိုင်းလိုက်တာ ဗညားရယ်၊ ဒင်း ကမ္ဘာကျယ် သရွေ့ ပြေးထားဦးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းလှအောင်မှာ ဦးနေဒွန်း၏ အစ်ကိုဖြစ်သည်။ ဘာမှ မလုပ် သိုင်းပညာဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုသည်။ တူမဖြစ်သူ ဘရဏီလေးအား သူ့ဆီတွင် ခေါ်ထားလိုက်ပြီး သိုင်းပညာကို ကျွမ်းကျင်အောင် သင်ကြားပေးခဲ့သည်။ ဘရဏီလေးကလည်း အရွယ်နှင့်မလိုက်အောင် အတတ်မြန်သည်။

တစ်နေ့

"ဖေဖေနဲ့ မေမေကို သတ်သွားတဲ့ ဦးဗညားကို သမီး သွေးဂလဲ့ စားချေပါ့မယ်၊ ဖေဖေနဲ့ မေမေရယ်"

ဗညားတစ်ယောက် ထိုအချိန်မှစပြီး မိုးညှင်းမြို့မှ ပျောက်သွားခဲ့တော့သည်။ နှစ်များ တစ်နှစ်ပြီး တစ်နှစ်ပြောင်းလာခဲ့၏။ ဘရဏီ ...င် အပျိုကြီးဖားဖားဖြစ်နေပြီ၊ ဘရဏီမှာ နေ့စဉ်နှင့်အမျှ ဗညား၏ သတင်းအား စုံစမ်းလျှက်ရှိသည်။ သူမ၏ ဦးလေး ဦးစိုင်းလှအောင်

www.burmeseclassic.com

www.burmeseclassic.com


မသေခင်က ပြောသွားသော စကားကို ပြန်သတိရမိ၏။

"ဗညား မိုးမိတ်မှာ ရောက်တယ်လို့ ဘဘ သတင်းရတယ်၊ ဘဘ နေကောင်းရင် လိုက်သွားကြတာပေါ့"

အခုတော့ ဘဘ ဦးစိုင်းလှအောင်လည်း မရှိတော့ သူမတစ်ယောက်တည်း၊ ဘရဏီ ဆုံးဖြတ်ချက်ချပြီး ဦးဗညားရှိရာ မိုးမိတ်မြို့သို့ ထွက်လာခဲ့တော့သည်။

"ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါ ဦးဗညားရယ်၊ ရှင် ကျွန်မလက်က ပြေးမလွတ်ပါဘူး"

ဦးဗညားတစ်ယောက် ခုတင်ပေါ်တွင် နှစ်ခြိုက်စွာဖြင့် အိပ်မောကျနေ၏။

"ဒေါက်. . . ဒေါက်. . . . ဒေါက်"

အဆက်မပျက်ခေါက်လိုက်သော တံခါးခေါက်သံကို ကြားလိုက်


www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် အိပ်ရာမှ သူထလာခဲ့သည်။

အခန်းတံခါးအား သူဆွဲဖွင့်လိုက်သည်တွင် သေနတ်ဖြင့် ချိန်ထားသော အမျိုးသမီးငယ်အား တွေ့လိုက်ရသည်။

"ဟင် . . မင်း . . . မင်း ဘယ်သူလဲ၊ ဒါဘာလုပ်တာလဲ"

"ရှင့်ရဲ့ သေမင်းတံမန်လေ၊ ရှင် ကျုပ် အဖေနဲ့ အမေကို သတ်ခဲ့တုန်းက ဒီမျက်နှာမဟုတ်ပါဘူး၊ အလှည့်ဆိုတာ ကြုံရစမြဲပါ ဦးဗညား၊ ကဲ . . . ဘုရားတရားသာ တပေတော့"

သူမ မောင်းခလုတ်အား ညှစ်ချလိုက်သည်။

"ဒိုင်း . . . ဒိုင်း . . . . ဒိုင်း . . ."

"အား . . . အား . . . . အား"

"အစ်ကို . . . . အစ်ကို ဘာဖြစ်တာလဲ၊ အိပ်မက်တွေ မက်ပြီး ယောင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကြူကြူ။ ကိုယ် အိပ်မက်ဆိုးတွေ မက်မက်နေတဲ့ ညတွေ မနည်းတော့ဘူး"

"အစ်ကို စိတ်စွဲလန်းလို့နေပါလိမ့်မယ်"

ဦးဗညားတစ်ယောက် စိတ်ထဲတွင် ဂယောင်ချောက်ခြား ဖြစ်နေတော့သည်။

"အင်း. . . ဒီကောင်မလေး ခုဆို အိပ်မက်ထဲက အမျိုးသမီး အရွယ်ရောက်ရော့ပေါ့၊ တစ်ခါထဲ အပြတ်ရှင်းခဲ့ရမှာ၊ ငါကိုက အကြောက်လွန်နေတာပါ။ ငါ ဒီမြို့မှာရှိနေတာ ဘယ်သူသိတာမှတ် လို့"

ဦးဗညားတစ်ယောက် စိတ်ပြေလက်ပျောက် ကားဖြင့် မြို့ပြင် ဘက်ထွက်လာခဲ့သည်။ ရှမ်းပြည်နယ်၏ မြင့်မားလှသော တောင် တန်းရှုခင်းများကို ကြည့်ရင်း ကားကလေးအား ဦးဗညား

www.burmeseclassic.com

www.burmeseclassic.com


ဖြည်းဖြည်းမှန်မှန် မောင်းလာသည်။

ဘုရကီတစ်ယောက် ဦးဗညား၏ သတင်းအစအနရလိုရငြား ကားတစ်စီးဖြင့် ရှာပုံတော်ဖွင့်လျက်ရှိသည်။ ဘုရကီ၏ ကား ကလေး တဖြည်းဖြည်း မြို့ပြင်ဘက်သို့ ရောက်လာခဲ့သည်။

မိမိအား နံဘေးမှ ဖြတ်မောင်းသွားသော ကားထဲမှ လူကြီး၏ မျက်နှာအား သူမ အမှတ်တမဲ့ ကြည့်မိသွားသည်။

"အင်း. . . ဒီလူကြီး ငါဘယ်မှာ မြင်ဖူးပါလိမ့်၊ ရင်းနှီးဖူးသလို တော့ရှိသား"

သူမ ဦးနှောက်ကို အလုပ်ပေးလိုက်သည်။

"ဒါ. . . ဒါ ဦးဗညားပဲ ဟုတ်တယ်၊ ဦးဗညားရဲ့ ရုပ်ပါ၊ ငါ မှတ်မိပြီ"

သူမ ကားအား လျင်မြန်စွာ ကွေ့လိုက်ပြီး ဦးဗညားနောက်သို့


www.burmeseclassic.com

www.burmeseclassic.com


လိုက်ခဲ့တော့သည်။ ဟော တွေ့ပြီ၊ သူမ၏ ကား ဦးဗညားမောင်း နေသော ကားအား ကျော်တက်ပြီးနောက် ရှေ့မှ ပိတ်ပြီး ရပ် လိုက်သည်။

"ဟော့. . ကလေးမ၊ ဒါဘာလုပ်တာလဲကွ"

"ရှင့်ကို ကျွန်မ အကြွေးဆပ်မလို့၊ မမှတ်မိတော့ဘူးလား ဦးဗညားရဲ့၊ ဦးနေဒွန်း ဒေါ်ရှယ်လီတို့ရဲ့ သမီး ဘရဏီလေ"

"ဟင်. . . မင်း. . . မင်း"

ဦးဗညားစကားပင် မဆုံးသေး၊ ဘရဏီက ကားထဲမှ ဆွဲထုတ် ပြီး ပယ်ပယ်နယ်နယ် ထိုးနှက်နေတော့သည်။

"ရော့. . . . ဒါက ဖေဖေ့အတွက်"

"ရော့. . . ဒါက မေ့မေ့အတွက်"

"ဖျောင်း" "အား"


www.burmeseclassic.com

www.burmeseclassic.com



"ခွပ်" "အား"

ဘရဏီ၏ ဒူး၊ တံတောင်၊ လက်သီးချက်များ ဦးဗညား၏ မျက်နှာပြင်ဆီသို့ အဆက်မပြတ် ကျရောက်သွား၏။ ဦးဗညား သွေးအလိမ်းလိမ်းဖြင့် ကားလမ်းပေါ် ပစ်ကျသွားသည်။ ဘရဏီ ဦးဗညားအနား အသာကပ်သွားပြီး..

"နေသာထိုင်သာရှိရဲ့လား ဦးဗညား"

"ဦး တောင်းပန်ပါတယ် ကလေးမ၊ မင်း ဖေဖေက ဦးကို စိတ်ဆိုးပြီး မဟုတ်တာတွေ ပြောလို့ ဒီလိုတွေ ဖြစ်သွားရတာပါ ဦး တောင်းပန်ပါတယ်"

ဦးဗညားတစ်ယောက် စကားဖြင့် အငိုက်ဖမ်းလိုက်ခြင်း ဖြစ်သည်။ ဘရဏီတွေဝေသွားစဉ် ကားလေးနံဘေး ချောက်ကမ်းပါး သို့ ဦးဗညား ဘရဏီကို ကန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖွန်း"

"အ. ."

ဘရဏီတစ်ယောက် ချောက်ကမ်းနံဘေးတွင် ကပ်ပေါက်နေသော သစ်ပင်တစ်ပင်အား ဖမ်းဆုပ်လိုက်မိခြင်းကြောင့်သာ ချောက်ထဲကျမသွားခြင်း ဖြစ်သည်။ သူမ သစ်မြစ်များအား တွယ်တက်ပြီး ကားလမ်းပေါ်သို့ တက်လာခဲ့၏။

အပေါ်ရောက်တော့ ဦးဗညားရော သူ့ကားရော မရှိတော့။ ထွက်ပြေးသွားပြီဖြစ်သည်။ သူမ သူ့ကိုသူ ဒေါသဖြစ်နေမိတော့သည်။

"တောက်. . . ငါ အသုံးမကျလို့ ဒီလူကြီး လွတ်သွားတာ၊ နှင့်ဦးပေါ့ ဦးဗညားရယ်၊ ဒါဆိုရင်တော့ ခင်း ဒီမြို့ပေါ်မှာပဲ ရှင် ကျွန်မ လက်က ပြေးမလွတ်ပါဘူး. ဦးဗညား

www.burmeseclassic.com

www.burmeseclassic.com



ဦးဗညားအိမ်၏ ဧည့်ခန်းထဲတွင် ဦးဗညားတစ်ယောက်

တပည့်များနှင့် ခေါင်းချင်းဆိုင်တိုင်ပင်လျက်ရှိသည်။

"ကောင်မလေး ဒီမြို့မှာ ရှိနေနိုင်တယ် ဂျိန်း၊ မင်းတို့သုံး

ယောက်တွေ့ရင် အပြတ်ရှင်းလိုက်ကွာ၊ ရော့ ဒါ မင်းတို့ သုံးဦး

ဘောက်ဆူးငါးသောင်း၊ ငါ့အကြံအစီအောင်မြင်ရင် မင်းတို့ကို

ကောင်းကောင်း ဂုဏ်ပြုမယ် ကြားလား"

"စိတ်ချပါ ဆရာ"

ဦးဗညားတစ်ယောက် ဘရဏီအား လန့်နေမိ၏။ သူငယ်ချင်း

တစ်ယောက်၏ သတင်းပေးမှုကြောင့် ဦးဗညား (SEVEN TOP)

စားသောက်ဆိုင်တွင်ရှိသည်ကို ဘရဏီ သိလိုက်ရသည်။

"ငါ ဒီနေ့ (SEVEN TOP)ကို သွားချင်တယ် လိုက်ပို့ပေး"

"ရပါတယ် ဘရဏီ၊ ကျွန်တော် လိုက်ပို့ပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘရဏီတစ်ယောက် သူငယ်ချင်းဖြစ်သူ ညီဇော်နှင့် ဦးဗညား
ရှာ (SEVEN TOP)သို့ ထွက်ခဲ့သည်။ ပထမတော့ သူမကို
ငယ်သူမှ သတိမထားမိကြ။ ဦးဗညား၏ တပည့်ကျော် ဇိဒါန်းက
သူမအား တွေ့သွားပြီး ပြဿနာရှာတော့၏။

"အား. . . ကျွတ်. . ကျွတ်. . . . ကျွတ်"

ကျောက်လက်ဝါး၏ ညီးညူသံကြောင့် ဘရဏီ၏ အတွေးစ
အား ပျယ်လွင့်သွားခဲ့၏။ ကျောက်လက်စါးဆီသို့ သူမ လျှောက်လာ
ပြီး. . .

"ကိုယ် သတိရပြီလား ဟင်"

"ကိုယ့်ခေါင်းတွေ တအားကိုက်နေတယ် ဘရဏီ"

"အနာရှိန်ကြောင့် ဖြစ်မယ်"

"ဟင်. . ကိုယ်တွေလဲ ပူနေတာပဲ၊ ဆရာဝန် ဖွင့်ဆက်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှပါ"

"မခေါ်ပါနဲ့ ဘရဏီ၊ ကိုယ် ဘာမှမဖြစ်လောက်ပါဘူး"

"ဖြစ်ဖြစ် မဖြစ်ဖြစ် တိတ်တိတ်နေ၊ ဆရာဝန်မှပဲ နားလည်မှာ ဘရဏီလည်း နားမလည်ဘူး"

ဘရဏီတစ်ယောက် ကျောက်လက်ဝါးကို စိုးရိမ်နေမိသည်။ ဆရာဝန်ရောက်လာပြီး သေချာစမ်းသပ်ကာ အားပေးလိုက်မှ သူမှ စိတ်အနည်းငယ် ပေါ့သွား၏။

"သိပ်ပြီးမစိုးရိမ်ပါနဲ့ သမီး၊ ဒဏ်ရာက အသားပေါ်မှာပဲ ရှိတာပါ၊ ဖျားတာကတော့ ဒဏ်ရာအရှိန်ကြောင့်၊ ဒေါက်တာ ဆေးထိုးပေးထားတယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျေးဇူးပါပဲရှင်"

"ရော့. . သူ နိုးလာရင် ဒီဆေးတစ်ခွက် ထပ်တိုက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ပြန်အုံးမယ်"

"ဟုတ်ကဲ့. . . ဒေါက်တာ"

"စိတ်အေးအေးထားပါ သမီး၊ သုံးလေးရက်ဆို သူ သက်သာသွားမှာပါ"

ဘရဏီ ကျောက်လက်ဝါးအတွက် စိတ်ပူနေမိသည်။

"သူတစ်စုံတစ်ခုဖြစ်သွားရင်တော့ ဒုက္ခပဲ၊ ဒီတစ်ခါ ရန်ရှာခဲ့ရင်တော့ ကိုယ်က အရင်အပြတ်ရှင်းထားမှ ဖြစ်မယ်"

ဦးဗညားတို့တစ်ဖွဲ့လုံးကိုလည်း သူမ အမှန်ချေချင်နေမိသည်။ သူတို့ သူမကို ရန်ရှာတာက သိပ်ပြီး အကြောင်းမရှိ။ ကြားက မဆိုင်သူ ဒုက္ခရောက်ရပြီ။

မြို့တင်းပေါက်မှ နွေးထွေးသော နေရောင်ခြည်အထိအတွေ့ကြောင့် ကျောက်လက်ဝါး အိပ်ရာမှ နိုးလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဦးဗညားကြီးတော့ ငါ့ကို လိုက်ရှာနေလောက်ပြီ"

ဘရဏီအခန်းတွင်းသို့ ဝင်လာသည်။ သူ့ကို ကလေးတစ်ယောက်လို မျက်နှာသစ်ရန် ပြင်ဆင်ပေးနေတော့သည်။

"ကိုယ် မျက်နှာမြန်မြန်သစ်လိုက်နော်၊ စားဖို့ ပြင်ထားတာတွေ အေးကုန်လိမ့်မယ်"

"ဟုတ်ကဲ့. . . မမဘရဏီ"

"ကိုနော် မနောက်နဲ့၊ ဘရဏီ အကြောင်းပြောတာ"

ပြောင်လက်နေသော စားပွဲဝိုင်း၏ အလယ်မှ စားသောက်စရာများက အငွေ့တစ်ထောင်းထောင်းထ၍ နေ၏။

"ဘယ်အချိန်တည်းက ထချက်ထားတာလဲ ဘရဏီ၊ အကူအမျိုးသမီးလည်း တစ်ယောက်မှ မရှိဘဲနဲ့"

"ဘရဏီ ကိုယ့်ကို စိုးရိမ်ပြီး အိပ်မပျော်တာနဲ့ လေးနာရီကျော်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကတည်းက ချက်ပြုတ်ထားတာ"

"အဲ. . ဒီလောက်တောင် စိုးရိမ်ရသလား၊ ဘရဏီလေးရယ်"

ကျောက်လက်ဝါး ဘရဏီကိုယ်လုံးလေးအား ရင်ခွင်ထဲ ဆွဲယူထားလိုက်သည်။ ကန်ရေပြင်မှ လှိုင်းဂယက်များ လူးလွန့်လှုပ်ရှားနေကြသလို ကျောက်လက်ဝါးနှင့် ဘရဏီတို့ ရင်ခုန်နှုန်းများလည်း မြန်ဆန်နေကြသည်။

"ကိုယ် ဘရဏီကို ချစ်တယ်ကွာ၊ ကိုယ့်ကို ချစ်တယ် မဟုတ်လားဟင်"

"လူတစ်ယောက်လုံးကိုလည်း ရင်ခွင်ထဲ ဆွဲသွင်းထားသေးတယ် ကိုယ်ရယ်၊ ဖြေဖို့ လိုသေးလို့လား"

ကျောက်လက်ဝါး ဘရဏီမျက်နှာလေးအား မေးစေ့မှ ဆွဲမလိုက်ပြီး မြတ်နိုးစွာ နမ်းရှိုက်လိုက်သည်။

"ဘရဏီရဲ့ ဟောဒီ ပါးစပ်ကလေးက ဖြေတာကို ကြားချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ. . ."

"ကဲ ဖြေမယ် သေချာနားထောင်နော်၊ ဘရဏီဆိုတဲ့ ကောင်မလေးက ဘရဏီကို ချစ်ပါသတဲ့ရှင်၊ ကျေနပ်ပြီလား"

ဘရဏီနဖူးလေးအား သူ နမ်းရှိုက်လိုက်ပြန်သည်။

" ကို စိတ်မဆိုးဘူးဆိုရင် ကိုယ့်ကို ဘရဏီ တစ်ခုမေးချင်တယ်"

"တစ်ခု မဟုတ်ဘူး၊ ဆယ်ခု မေးလို့ရတယ် ဘရဏီ"

"ကိုယ် မိုးမိတ်ကို ဘာအတွက်လာတာလဲဟင်"

"ကို ဘရဏီကို ပွင့်ပွင့်လင်းလင်း ပြောပြပါလားဟင်၊ ကို ဘရဏီကို ပေးဝတ်လိုက်တဲ့ ကုတ်အင်္ကျီအိတ်ထဲက ကို့ရဲ့ ဒုရဲအုပ်ကဒ်ပြားလေးတွေ့လို့ ဘရဏီ သိမ်းထားလိုက်တယ် . . ."

ကျောက်လက်ဝါး အခုမှ သတိရလိုက်မိသည်။ သူ အဲ့ဒီနေ့က ဝန်ထမ်းရဲအုပ်ကဒ်ပြားလေးအား ကုတ်အင်္ကျီအတွင်း သည့်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်မိသည်ပဲ . . ။

" ကိုယ်လည်းပျောက်လို့ ရှာနေတာ ဘရဏီ "

ဘရဏီ ပါတ်တာအိတ်လေးထဲမှ ကျောက်လက်ဝါ၏ ဒုရဲအုပ်ကဒ်ပြားလေးအား ထုတ်ပေးလိုက်သည်။

" ကို မိုးမိတ်ကို လာရတဲ့အကြောင်း ဘရဏီ့ကို ပြောပြပါလားဟင် "

" ကျောက်ပွဲစားကြီး ဦးနေဒွန်းနဲ့ ဒေါ်ရှယ်လီတို့ကို သတ်ပြီးရှောင်ပုန်းနေတဲ့ ဒမြလူဆိုးကြီး ဦးဗညားကို ဖမ်းဘို့ အထက်ကကိုယ့်ကို လွှတ်လိုက်တာပဲ ဘရဏီ "

ကျောက်လက်ဝါး ပြောစကားတွင် ဖေဖေနှင့်မေမေ့အကြောင်းပါလာသဖြင့် ဘရဏီ စိတ်ဝင်စားသွား၏။

" ကို အဲဒီ ဦးဗညားနဲ့ တွေ့ပြီးပြီလားဟင် "



www.burmeseclassic.com

www.burmeseclassic.com



ဘရဏီ ကျောက်လက်ဝါး ဦးဗညားကို မသိဘူးအထင်နှင့် မေးလိုက်ခြင်း ဖြစ်သည်။

" (Seven Top) စားသောက်ဆိုင်ပိုင်ရှင်က ဦးဗညားပဲ ဘရဏီ၊ သူက စားသောက်ဆိုင်ကို ဗန်းပြပြီး နောက်ကွယ်မှာ ရှေးဟောင်း ရုပ်ထုတွေနဲ့ နိုင်ငံခြားကို ခိုးထုတ်နေတာပဲ "

ကျောက်သူဌေး ဦးနေဒွန်းနဲ့ ဒေါ်ရှယ်လီ အသတ်ခံရပြီး ကတည်းက ဦးဗညား မိုးညှင်းက မြေရာလုံးလုံး ပျောက်ခဲ့တာပဲ၊ နှစ်တွေ ကြာညောင်းခဲ့ပေမယ့် အမှုတွဲက ဟောင်းမသွားဘူးလေ၊ ဘရဏီ ရာဇဝတ်ဘေးဆိုတာ ပြေးလို့မှ မလွတ်ပဲ ဘရဏီရဲ့ "

ဘရဏီ သူ၏ ဘဝအကြောင်းကို ကျောက်လက်ဝါးအား ပြောသင့် မပြောသင့် ချိန်ဆနေသည်။

" အင်း ကိုယ် သိထားတော့ ငါတို့ သူတို့ဆီက ကျောက်ရာက်လာ



www.burmeseclassic.com

www.burmeseclassic.com


မယ့် အန္တရာယ်ကို ရှောင်ရှားနိုင်တာပေါ့ "

ဘရဏီ တစ်ယောက် ကျောက်လက်ဝါးအား ပြောပြရန် ဆုံးဖြတ်လိုက်ပြီး ..

" ကျောက်ကုန်သည်ကြီး ဦးနေဒွန်းနဲ့ ဒေါ်ရှယ်လီက တခြားသူတွေ မဟုတ်ပါဘူး ကို၊ ဘရဏီ ဖေဖေနဲ့ မေမေပါ ကို "

" ဟင် ..ဟုတ်လား "

ကျောက်လက်ဝါးတစ်ယောက် ဘရဏီပြောစကားကြောင့် အံ့ဩသွားရသည်။

" ဟုတ်တယ် ကို၊ ဦးဗညားဟာလဲ တစ်ချိန်က ဖေဖေရဲ့ လူယုံတပည့်တစ်ဦးပါပဲ၊ ဖေဖေဟာ ဦးဗညားနဲ့ မိုးကုတ်ပတ္တမြားတွင်းက ပတ္တမြားကြီးကို ဦးဗညားနဲ့အတူ သိန်း (၄၀၀)နဲ့ ဝယ်ခဲ့တာပေါ့။ ဒါကို အကြွေးတွေ ပတ်လည်ဝိုင်းနေတဲ့ ဦးဗညားက ဖေဖေနဲ့ မေမေ


www.burmeseclassic.com

www.burmeseclassic.com



ကို သတ်ပြီး ပတ္တမြားကြီးနဲ့အတူ ရတနာတွေ အကုန်ဒမြတိုက် ခိုးယူသွားတာပဲ ”

ကျောက်လက်ဝါး ဘရဏီကို သနားသွားမိသည်။ သူ အရွယ်နှင့်မမျှအောင် ဝေဒနာတွေ ခံစားခဲ့ရမှာပဲ၊ မိဘ ညီအစ်ကို မောင်နှမ မရှိဘဲ တစ်ကောင်ကြွက်ဘဝကလေးသို့ ရောက်ခဲ့ရရှာသည်။

မိမိဘဝနှင့် ဘရဏီ၏ ဘဝသည်လည်း ထပ်တူနီးပါးမျှ တူညီနေသည်။

မိမိသည်လည်း ဖေဖေက သူ သုံးနှစ်သားလောက်တပင် ကွယ်လွန်သွားသဖြင့် သားအမိနှစ်ယောက်ဘဝကို ကြမ်းတမ်းစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။

မိခင်ကြီးက ကျောက်လက်ဝါး ဘွဲ့ရသည်အထိ မနွှလေး



www.burmeseclassic.com

www.burmeseclassic.com



ဈေးချိုကြီးတွင် အထည်ဆိုင်လေးဖွင့်ကာ သားတစ်ယောက် လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစားခဲ့သည်။

" မေမေ သား ဒုရဲအုပ်လျှောက်မလို့ သားကို လျှောက်ခွင့် ပြုပါနော် "

" သဘောတူတယ် သား၊ နိုင်ငံတော်ကြီးမှာ ဒုစရိုက်လုပ်ငန်း ပပျောက်အောင် ငါ့သားတစ်ဖက်တစ်လမ်းက အထောက်အကူ ပြုတာပေါ့ "

မေမေ သူ့အား မခွဲနိုင်၊ သူ့ကိုလည်း ခွင့်မပြုဟု ထင်ထား တာ၊ ယခုတော့ မေမေ့စိတ်ဓာတ်ကို သူ လေးစားသွားမိသည်။

ဒုရဲအုပ်သင်တန်းဆင်းပွဲတွင် သူ အကောင်းဆုံးသင်တန်းသား ဆုကို ဆွတ်ခူးနိုင်ခဲ့သဖြင့် မေမေသည် သူ့အတွက် ဂုဏ်ယူမဆုံး တစ်ပြုံးပြုံးဖြင့် သားအတွက် ဝမ်းသာဂုဏ်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



" မေမေ့အတွက် စိတ်ချထား ဘာမှမပူနဲ့ ၊ သားတာဝန်ကျတဲ့ ဆီမှာ စိတ်ချလက်ချ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ပါသား "

မေမေ့ပြောစကားများ သူ့နားထဲတွင် ပြန်လည် ကြားယောင် နေမိတော့သည်။

" ကို ဘာတွေ တွေးနေတာလည်းဟင် "

" မေမေ့အကြောင်းပါ ဘရဏီ၊ ဘရဏီ့ကိုလည်း ကို ကိုယ်ချင်းစာပါတယ် "

" ဘရဏီ့ဖေဖေနဲ့ မေမေ့ကို ဘရဏီ ကျေးဇူးပြန်မဆပ်နိုင် သေးဘူး၊ ကိုယ် ဦးဗညားကို ဘရဏီ့လက်နဲ့ လက်စားချေနိုင်မှ ဖေဖေမေမေ့ကျေးဇူးကို ဆပ်နိုင်မယ်လို့ ဘရဏီ သဘောထားတယ် ကို"

"ဩြော်. . . ဘရဏီလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com


ဘရဏီ၏ ကိုယ်လေးအား သူ ကြင်နာစွာ ထွေးပွေ့ထားလိုက်သည်။

"ကိုယ်နဲ့ ဘရဏီ အဆက်အသွယ်ရှိတာကို ဦးဗညား မသိစေချင်ဘူး ဘရဏီ"

"ဟုတ်တယ် ကိုယ်၊ ကိုယ်လည်း ဦးဗညားဆီ ဟန်မပျက် ပြန်သွားပေါ့၊ သူ့ကိုလည်း သတိထားပြီး ဆက်ဆံပါ ကိုယ်၊ အထူးသဖြင့် တိုသုံးကောင်ကို လုံးဝ အလစ်မပေးနဲ့၊ ကိုယ့်ကို သူတို့ အခဲကြေမှာ မဟုတ်ဘူး ကိုယ်"

"ကိုယ် သဘောပေါက်ပါတယ် ဘရဏီ"

ကျောက်လက်ဝါး ဦးဗညားဆီသို့ ထွက်လာခဲ့သည်။ သူ အလိုက်သင့်တော့ ဆက်ပြီး နေသွားရမှာပဲလေ၊ ကြမ်းလို့ မြေ အောက်ခြေသိမ်းဇစ်မြစ်ကို သိပြီးမှ သူ အပိုင်ဖမ်းရမည်။


www.burmeseclassic.com

www.burmeseclassic.com



"ငါ့တပည့်ရာ အန်ကယ်(လ်) စိတ်ပူလိုက်ရတာ၊ ဘယ်သွားနေတာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ သူ့အိမ်လိုက်လည်နေလို့ပါ အန်ကယ်(လ်)"

"ဒါနဲ့ အန်ကယ်(လ်) လာမယ့် အပတ်ထဲမှာ ပစ္စည်းပို့ဖို့ ရှိတယ် ကျောက်လက်ဝါး"

"ဒါတစ်ခါတော့ မင်း အထူးဂရုစိုက်ရမယ်၊ ကျောက်လက်ဝါး ပစ္စည်းတွေက သိန်းရာချီတယ်"

"ဒီအတွက်တော့ စိတ်ချပါ အန်ကယ်(လ်)၊ ကျွန်တော့် အကြောင်း အန်ကယ်(လ်)ဗညား သိပြီးသားပါ"

"အေးကွ. . အရင်တစ်ခေါက် မင်းပစ္စည်းပို့ခဲ့တဲ့ဆီကလည်း မင်းကို တော်တော် သဘောကျနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါးပြုံးလိုက်သည်။ ကျောက်လက်ဝါး ဦးဗညား အကြောင်း ကောင်းကောင်းသဘောပေါက်ထားခဲ့သည်ပဲ။ သူ့ကို တပည့်လက်သန့်မွေးထားပြီး နိုင်ငံတော်၏ အဖိုးတန်ကျောက်မျက် ရတနာများနှင့် ရှေးဟောင်းလက်ရာပန်းပုရုပ်ထုများကို တရား ခဝင် မှောင်ခိုရောင်းဝယ်နေခြင်းဖြစ်သည်။

"ဒီလူကြီးဟာ တော်တော်ကြောက်ဖို့ကောင်းတာပဲ၊ သူ အမြင် မှာရှိနေသရွေ့ တိုင်းပြည်ရဲ့ အနှစ်သာရတွေ ဆုံးရှုံးနေဦးမှာပဲ၊ ငါ မကြာခင် နှိမ်နင်းနိုင်တော့မှာပါ"

ဘရဏီ ခုတင်ပေါ်လှဲရင်းဖြင့် ဦးဗညားအကြောင်းတွေးနေ သည်။

"တော်တော် ရက်စက်ယုတ်မာတဲ့ လူကြီး၊ ဒင်းကြောင့် ငါတို့ သားစုလေး တကွဲတပြားဖြစ်ရတာ၊ ဖေဖေတို့ အသေဆိုးနဲ့ သေရ

www.burmeseclassic.com

www.burmeseclassic.com



သလို ဒင်းလဲ ငါ့လက်နဲ့ သေကို သေစေရမယ်၊ ရှင် ကျွန်မ လက်က ပြေးမလွတ်ပါဘူး၊ ဦးဗညားရယ်. . . .၊ သူရော ဒဏ်ရာမှ သက်သာရဲ့လား မသိဘူး၊ ဟိုလူမိုက်သုံးယောက် ဒီတစ်ခါဆုံရင် အပြတ်ရှင်းရမယ်"

ဘရဏီ အတွေးတို့ ယောက်ယက်ခတ်နေတော့သည်။ ဒဏ်ရာကြီးနှင့် ပြန်သွားသော ကျောက်လက်ဝါးကိုလည်း သူမ စိုးရိမ်နေမိသည်။

လူဝကြီး ဦးဗညားတစ်ယောက် ရတနာပစ္စည်းများ ပို့ဖို့အရေး ချီတုံချတုံ ဖြစ်နေရသည်။

"အင်း. . . ဒီတစ်ခေါက်ကတော့ ငါ အထွေထူးခြားနေသလိုပဲ အောင်သိုက် ငါ့ဆီမှာ ဒီလောက်ပစ္စည်းများများ မမှာခဲ့ဖူးပါဘူး သိန်း(၅၀၀) ကျောက်ဖိုးဆိုတော့ ဒီကောင် ကလိန်ကကျစ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ စိုးရိမ်ရတယ်"

"ဒါပေမယ့် ငါ့တပည့် ကျောက်လက်ဝါးရှိနေတာပဲလေ၊ ပူစရာ တော့ မရှိပါဘူး၊ ကျောက်လက်ဝါးဟာ မြင့်မိုရ်တောင်ကိုတောင် ဖြိုမယ့်ကောင်မျိုး၊ ငါ့ အစွဲအလန်းကြီးလို့ မဖြစ်သေးပါဘူးလေ. . ."

အမှန်တော့ ဦးဗညား သူ့စိတ်ဖြင့် နှိုင်းယှဉ်ပြီး စိုးရိမ်နေခြင်း သာ ဖြစ်သည်။ သူက လူတကာပေါ် ကတုံးထိပ်ကွက်ခဲ့သည်က များသည်။ အရောင်းအဝယ်လုပ်ပါက သူ ဘယ်တော့မှ မှန်မှန် တန်ကန် မရှိ။ တပည့်လူမိုက်သုံးယောက်နှင့် မိုက်ကြေးခွဲခဲ့သည်က များသည်။

ယခု ကျိုင်းတုံမှ အောင်သိုက်က ကျောက်နှင့်ပတ္တမြား သိန်း(၅၀၀)ဖိုး ပို့ပေးဖို့မှာသည်။ မိုးမိတ်လေယာဉ်ကွင်းမှာ ဆုံဖို့ လည်း အသေအချာချိန်းထားပြီး ပစ္စည်းတန်ဖိုးက များနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သော စိုးရိမ်နေခြင်းဖြစ်သည်။ သူကိုယ်၌ကလည်း မရှိးသားခဲ့သော ကြောင့် သူတစ်ပါးကိုလည်း မယုံခြင်းပင်။

"ဆရာ ဗညား. . . ဆရာ ဗညား"

ဂျိန်းတစ်ယောက် အပြေးတစ်ပိုင်းဖြင့် ဦးဗညားဆီသို့ ရောက်လာသည်။

"ဂျိန်းပါလား. . . . ဆိုစမ်းပါဦး၊ ဘာများ အကြောင်းထူးလို့လဲ"

ဦးဗညား သိချင်ဇောဖြင့် မေးလိုက်သည်။

"ဆရာ ဟိုအန္တရာယ်ကောင်မနဲ့ ဆရာတပည့်ကျော်ကြီးက တစ်တွဲတွဲနဲ့ ဖြစ်နေတာ ကျွန်တော် တွေ့ခဲ့တယ်"

ဂျိန်း၏ စကားကြောင့် ဦးဗညား မျက်နှာပျက်သွား၏။

"မင်း ပြောတာ အမှန်ပဲလား ဂျိန်း"



www.burmeseclassic.com

www.burmeseclassic.com



သူ အထိတ်တလန့် မေးလိုက်မိသည်။

"ဆရာရယ် ဒါညာပြောရမယ့် အကြောင်းကိစ္စမှ မဟုတ်တာပဲ"

"ဘရဏီနဲ့ ဆရာ့ကောင်ပေါင်းမိသွားရင်တော့ ဆရာ မလွယ်ဘူးနော်၊ မြွေပွေးခါးပိုက် ပိုက်မိသလို ဖြစ်နေဦးမယ်"

ကိုရှိန်း၏ ပြောစကားကြောင့် ဦးပညားကျော်ထဲတွင် စိမ့်တနဲဖြစ်သွားမိသည်။ ဘရဏီ့အကြောင်းလဲ သူသိထားပြီးသား။ သူ့အဖေနဲ့ အမေအတွက် သူ့ကို ကမ္ဘာကျေမှာ မဟုတ်။ လတ်သံတလည်း ပြောင်မှ ပြောင်။ ဟိုတစ်ခါ ဘရဏီနှင့် ဆုံခဲ့တုန်းကသူ့ကိုယ်သူ သေပြီတွက်ထားတာ။ သူ့ အငိုက်ဖမ်းပြီး ချောတ်ထဲတန်ချခဲ့လို့၊ ဒါတောင် သူ့ အိမ်ပြန်ရောက်တော့ ထမင်းခုနစ်ရက်လောက် မစားနိုင်ဘဲ အရည်ပဲ သောက်ခဲ့ရသည်။

(ကျောက်လက်ဝါးကို ပုံစံသွင်းပြီး ငါ့ကို ရန်ပြုရင်တော့ ဒုက္ခပဲ



www.burmeseclassic.com

www.burmeseclassic.com


သူတို့ နှစ်ယောက်သာ ဂျိန်းပြောသလို တွဲမိနေရင် ငါ မလွယ်ဘူး)

" နောက်တစ်ခါ မင်းတို့နဲ့ဆုံခဲ့ရင် အပြတ်သာရှင်းပစ်လိုက်ကြားလား၊ ဖြစ်လာသမျှ ငါရှင်းမယ်၊ ရော့ ဒီမှာ မင်းတို့သုံးယောက်ဖို့ ငါးသောင်းယူသွား "

" စိတ်ချအာစရိ၊ အာစရိ လူပေါင်းမမှားမိစေနဲ့ "

"အာစရိကို ဒုက္ခပေးမှာနော်"

ဂျိန်း ကျောက်လက်ဝါးကို ရည်ရွယ်ပြီး ပြောမှန်း သူသဘောပေါက်သည်။ ကျောက်လက်ဝါးကို သူ လက်လွှတ်ဖို့ကတော့ မဖြစ်နိုင်။ ဂျိန်းဆိုတဲ့ကောင်ကလဲ ကျောက်လက်ဝါးလောက် အားမကိုးရသူမို့ ရမည့်ပစ္စည်းတွေက မနည်းမနော ကျောက်လက်ဝါးကို လက်လွှတ်ဖို့ဆိုသည်က သူ့အတွက် လုံးဝကို မဖြစ်နိုင်။

(ငါ ကျောက်လက်ဝါးကို လက်လွှတ်လို့တော့ မရပါဘူး။


www.burmeseclassic.com

www.burmeseclassic.com


ဒီကောင်တွေ သူတို့နေရာကို ဝင်လုလို့ ကျောက်လက်ဝါးကို ကျောက်တွန်းတာလည်း ဖြစ်နိုင်တယ်)''

"ကဲ ကျောက်လက်ဝါး၊ ကျောက်နဲ့ ပတ္တမြားက ဒီသေတ္တာအငယ်ထဲမှာ၊ နီလာကဗောဇ နည်းသည်၊ သူမှာတဲ့ ပစ္စည်းအကုန်ရတယ် ပြောလိုက်၊ အောင်သိုက် မင်းကို လေယာဉ်ကွင်းက စောင့်နေလိမ့်မယ်၊ သူတို့ရဲ့ ရဟတ်ယာဉ်က အပြောရင့်နဲ့ အဖြူကွက်ကျား၊ မင်း အဆင်သင့်ဖြစ်ရင် သွားလို့ရပြီ ကျောက်လက်ဝါး"

ကျောက်လက်ဝါး ဦးဗညားမှာသည်များကို နားထောင်ပြီးသည်နှင့် ချိန်းဆိုထားရာ မိုးမိတ်လေယာဉ်ကွင်းဆီသို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့သည်။

"ဝရော. . . ဝရော. . . ဝရော"

ကျောက်လက်ဝါး၏ ဆိုင်ကယ်ကလေးမှာ ကတ္တရာလမ်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် မြှားတစ်စင်းအလား တရိပ်ရိပ်ပြေးနေ၏။ သစ်ပင်သစ်ရိပ်တို့နောက်ဘက်ဆီတွင် တရိပ်ရိပ်ကျန်ခဲ့သည်။

"ဦးဗညားရဲ့ လုပ်ရပ်တွေဟာ ငါ့အတွက် အန္တရာယ် အများကြီးဖြစ်နိုင်တယ်၊ ငါ စုံစမ်းရသလောက် ဒီလူကြီး သူများတကာအပေါ်မှာ ဒီလူကြီး ကွက်ကျော်ရိုက်သွားတာချည်းပဲ၊ ဘာပဲ ဖြစ်ဖြစ် ငါ သတိမပြတ်ထားမှ ဖြစ်တော့မယ်"

ကျောက်လက်ဝါး စက်ရှိန်ကို မြှင့်တင်လိုက်သည်။ ဆိုင်ကယ်လေးမှာ လေထုကို ခွင်းပြီး တရိပ်ရိပ်ပြေးနေတော့သည်။ သူ၏ဆိုင်ကယ်လေးမှာ လေထုကို ခွင်းပြီး တရိပ်ရိပ် ပြေးနေတော့သည်။

သူ၏ဆိုင်ကယ်လေး လေယာဉ်ကွင်းအတွင်းသို့ မောင်းဝင်လိုက်သည်။

လေယာဉ်ကွင်းအတွင်း၌ ခရီးသည်များနှင့် စည်ကားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါး ဆိုင်ကယ်ကို မော်တော်ယာဉ်အပ်သည့် ဌာနတွင် အပ်ထားလိုက်ပြီး အတာချိုကော့စ် သေတ္တာအားဆွဲကာ ချိန်းဆိုထားသည့် ဦးအောင်သိုက်ဆိုသူ၏ ရဟတ်ယာဉ်ကို ရှာလိုက်သည်။

လေယာဉ်ကွင်း၏ ထောင့်တစ်နေရာ၌ ချိန်းထားသော ရဟတ်ယာဉ်အား တွေ့လိုက်ရသဖြင့် သူ ရဟတ်ယာဉ်ဆီသို့ လျှောက်လာခဲ့သည်။

ရဟတ်ယာဉ်၏ မှန်ပြူတင်းမှ ခေါင်းပြူ၍ ကြည့်နေသော မျက်မှန်နက်တပ်ထားသူက ကျောက်လက်ဝါးကို တွေ့သွားပြီး ရဟတ်ယာဉ် ဘေးဘက်တံခါးအား ဖွင့်ပေး၏။

“ ကျွဲ ”

“ ဦးဗညားရဲ့ လူသစ်လား ”



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် "

ကျောက်လက်ဝါး၏ ဖြေသံက မာဆတ်ဆတ် နိုင်လှသော ကြောင့် မျက်မှန်နက် တပ်ထားသူ၏ မျက်နှာမှာ မာကျောခက်ထန် သွား၏။

ကျောက်လက်ဝါးကလည်း လေသံကို တမင် မြှင့်ပြောလိုက်ခြင်း ပင် ဖြစ်သည်။

ကျောက်လက်ဝါးသည် ဖွင့်ထားသော တံခါးပေါက်မှ အတွင်း သို့ ဝင်လိုက်သည်။

သူ အတွင်းသို့ ရောက်သွားသည်နှင့် ရဟတ်ယာဉ်တံခါးက ဂျိုင်းကနဲ ပိတ်သွားပြီး ရဟတ်ယာဉ်က ကောင်းကင်သို့ တဖြည်း ဖြည်း မြင့်တက်နေ၏။ ကျောက်လက်ဝါး စိတ်ထဲ ဘဝင်မကျဖြစ် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



( ဒီကောင်တွေ မရိုးသားတော့ဘူးနဲ့တူတယ် )

သူ့အတွေးပင် မဆုံးလိုက် ဦးအောင်သိုက်တစ်ယောက် အားရပါးရထပြီး ရယ်လိုက်သည်။

" ဟား . . . ဟား . . . ဟား၊ ဗညား . . . ဗညား မင်းငါတို့ကို ကတုံးပေါ်ထိပ် ကွက် ခဲ့ပေါင်းများပြီ၊ ဒီတစ်ခေါက်လဲ ဘယ်ပုံဘယ်နည်းနဲ့ လူလည် လုပ်ဦးမလဲ မသိဘူး "

" ကဲကဲ ပြပါဦး၊ ပစ္စည်းတွေ ကြည့်ရအောင် "

ကျောက်လက်ဝါး အတာချီကော့စ်အား ဦးအောင်သိုက်အား လှမ်းပေးလိုက်သည်။

သူ ဦးအောင်သိုက်တို့၏ အခြေအနေကိုကြည့်ပြီး မီးစင်ကြည့်ကရတော့မည်။ ရဟတ်ယာဉ်က ကောင်းကင်ပြင်တွင် ပျံဝဲလျှက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



" အလဲ့ . . . ဒီတစ်ခါတော့ လူမိုက်တပည့်အားကိုးနဲ့ ပစ္စည်းကောင်းတွေချည်းပဲ ထည့်ပေးလိုက်ပါလား၊ အရည်အသွေးလည်း အကုန်ကောင်းတယ် . . . အဟင်း . . ဟင်း အလှည့်တော့ ကြုံလာပြီပေါ့ ဗညားရယ် "

ရဟတ်ယာဉ်မှာ ကောင်းကင်ပြင်တွင် အရှိန်ရနေပြီ ဖြစ်သည်။

ကျောက်လက်ဝါးတစ်ယောက် ဦးအောင်သိုက်တို့၏ ရည်ရွယ်ချက်ကို သဘောပေါက်သွား၏။

ဦးအောင်သိုက်မှာ ခါးကြားမှ သေနတ်ထုတ်ပြီး ကျောက်လက်ဝါး၏ နားထင်အား သေနတ်ဖြင့် ထောက်ထားလိုက်သည်။

" ကြားက ခားစာခံ မင်းကိုတော့ သနားပါတယ်ကွာ၊ ဗညားငါတို့ကို ကလိန်ကျခဲ့ပေါင်း များခဲ့ပြီကွ၊ ဒီတစ်ခါ ဒို့အလှည့်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါး ရန်သူ၏ အခြေအနေကို အကဲခတ်လိုက်သည်။ သူ၏ အနီးကပ်ဆုံးမှာက သူ့ကို သေနတ်ဖြင့် ချိန်ထားသူ နှစ်ယောက်။ တစ်ယောက်ကတော့ ရဟတ်ယာဥ်မောင်းနေသဖြင့် ကိစ္စမရှိ။ အားလုံးပေါင်းလိုက်တော့ သုံးယောက် သူ ဦးအောင်သိုက်၏ သေနတ်ကိုင်လက်အား လျှပ်တပျက် စမ်းကိုင်လိုက်ပြီး လိမ်ချိုးချလိုက်သည်။

" ဖျောင်း "

" အ . , အား "

မြန်ဆန်လှသော သူ့လှုပ်ရှားမှုကို အံ့သြငေးကြောင် ကြည့်နေသော ကျန်သေနတ်ကိုင်တစ်ယောက်၏ မျက်နှာအား သူ ဖြတ်ကန်ချလိုက်သည်။

" ဖျောင်း "



www.burmeseclassic.com

www.burmeseclassic.com



" အား "

" ခွမ်း "

" ချလွမ် "

ထိုသူမှာ အားပါလှသော ကန်ချက်ကြောင့် ရဟတ်ယာဉ်၏ မှန်ပြတင်းအား ထိုးခွင်းလိုက်ပြီး ဝေဟင်ထဲ ကျသွားတော့သည်။

ကျောက်လက်ဝါး ဦးအောင်သိုက်လက်ထဲမှ ကျသွားသော သေနတ်အား ကောက်ယူပြီး ရဟတ်ယာဉ်မောင်းနေသူအား ချိန်လိုက်သည်။

ရဟတ်ယာဉ် မောင်းနေသူမှာ ကြောက်လန့်ပြီး ပြတင်းတံခါးမှ ဝေဟင်ထဲ ခုန်ချသွား၏။

မောင်းသူမဲ့နေသော ရဟန်ယာဉ်မှာ ဦးတည်ရာမဲ့ ပျံသန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါး အနောက်ဘက်မှ လှုပ်ရှားသံ ကြားသဖြင့်

သည့်အကြည့် ဦးအောင်သိုက်က အတာချီကော့စ်သေတ္တာဖြင့် သူ၏

ဦးခေါင်းဆီသို့ လှမ်းပစ်လိုက်သည်။

" ဝိုး "

" ခွမ်း "

သေတ္တာမှာ ကျောက်လက်ဝါးက ငုံ့ပြီးရှောင်လိုက်သောကြောင့်

ခေါင်းကိုမထိဘဲ မှန်ပြတင်းအားခွင်းပြီး ဝေဟင်ထဲ ကျသွား

လေသည်။

ကျောက်လက်ဝါးက ဦးအောင်သိုက်အား လက်ထဲမှ သေနတ်

ပစ်ချလိုက်သည်။

" ဒိုင်း "

" အား . . . "

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်အနားတွင် ရပ်နေသော ဦးအောင်သိုက် သေနတ်ဖြင့် ကျည်ဆံနဖူးတည့်တည့် ထိမှန်ပြီး အောက်သို့ ပြုတ်ကျသွားတော့သည်။

ရဟတ်ယာဉ်မှာ ဇောက်ထိုးမိုးမျှော် ပျံသန်းနေသည်။ ကျောက်လက်ဝါး မောင်းသူနေရာ ဝင်ထိုင်လိုက်ပြီး နောက်ကြောင်းပြန်လှည့် လာခဲ့လေသည်။

" အင်း၊ ရတနာသေတ္တာကတော့ ပင်လယ်ထဲ ကျသွားပြီ၊ နှမြောစရာပဲ "

" ဦးဗညားတော့ ယုံပါမလား မသိဘူး၊ တောက် .. ဂျင်ပေါက ဂတုံးတွေ တစ်ယောက်နဲ့တစ်ယောက် နဲနဲမှ အတင် မခံကြတော့ဘူး၊ ချမ်းသာမယ်ဆို ဘနဖူး သိုက်တူးမယ့် ကောင်တွေချည်းပဲ၊ ငါတော်ကောင်းလို့ ပဲလှော်ကြား ဆားညှပ်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါး ရဟတ်ယာဉ်အား လေယာဉ်ကွင်းအတွင်း သက်ဆင်းလိုက်ပြီး ဦးဗညားဆီသို့ ပြန်လာခဲ့သည်။

" ယုံကြည်တာ မယုံကြည်တာ သူ့အလုပ်၊ ငါ ပြန်ပြောရမှာ၊ ဒါမှ ငါ အန္တရာယ်ကင်းမှာ တော်ကြာ ငါ့ကိုပါ အမှုပတ်နေမယ်"

+++++

" ဘာကွ၊ ဒီမယ် ကျောက်လက်ဝါး၊ မင်း ပြောတာ ငါ လုံးဝ မယုံဘူးကွ၊ မင်းဟာ ငါ့ရဲ့ တပည့်ပါကွာ "

" အေး၊ အရင်တစ်ခေါက်က ငါ ဂျင်မီဆီကို ဖုန်းဆက်အကြောင်းကြားပြီး မင်းရဲ့ အစွမ်းအစကို သိချင်လို့ စမ်းကြည့်လိုက်တဲ့ သဘောပဲ၊ ခုဟာကတော့ လုံးဝကို မဖြစ်နိုင်ဘူးကွ "



www.burmeseclassic.com

www.burmeseclassic.com



" ယုံတာ မယုံတာက ခင်ဗျား အလုပ်ပဲ ဦးဗညား၊ ကျုပ်အပေါ်ကို ခင်ဗျား သံသယရှင်းသွားအောင်ပါ ရှင်းပြတဲ့ သဘောပဲ။ ကျုပ်အပေါ် သံသယ မရှင်းရင်တော့ လေယာဉ် ကွင်းမှာ ရဟတ်ယာဉ်ရှိသေးတယ်၊ ခင်ဗျား သွားကြည့်နိုင်တယ် "

ကျောက်လက်ဝါးတစ်ယောက် ဦးဗညား သူ့အပေါ် မယုံကြည်ခြင်းအတွက် ဒေါသဖြစ်သွား၏။

" သွားကြည့်နေစရာ မလိုပါဘူးကွာ မင်း ဒီလိုလုပ်မယ်ဆိုတာသိလို့ ငါ့ဘက်ကလည်း ကြိုတင်စီစဉ်ထားပါတယ် "

ဦးဗညားတစ်ယောက် သူ ပြောချင်တာ စွတ်ပြောနေတော့သည်။

" ကဲဟေ့ . . ဂျိန်းနဲ့ နာကီ ကောင်မလေး ငါ့ဆီ ခေါ်ခဲ့စမ်း "

ကျောက်လက်ဝါး လုံးဝ မထင်မှတ်ထားသော အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



က တကယ်တမ်း ဖြစ်ခဲ့ပြီတည်း။ ဘရဏီကို ဦးဗညားတို့ ဖမ်းချုပ်ထားပြီး နှိပ်စက်ထားကြဟန် တူသည်။

" တောက် ခင်ဗျားကြီး မိုက်ရိုင်းလှချည့်လား "

ကျောက်လက်ဝါး ဘရဏီကို မြင်တော့ ဦးဗညားအား ဒေါသဖြစ်ပြီး တိုက်ခိုက်မည်အပြု ဘရဏီ၏ ဦးခေါင်းအား ဦးဗညားက သေနတ်ဖြင့် ထောက်ထားလိုက်တော့သည်။

" မင်း . . ကောင်မလေးအသက်ကို နှမြောတတ်ရင် လှုပ်ရှားမှု မပြုပါနဲ့ ကျောက်လက်ဝါး "

ကျောက်လက်ဝါး အကြပ်ရိုက်သွားသည်။ သူ မလှုပ်ရှားရဲဒီလူကြီး တကယ်ပစ်လိုက်မှာ အသာငြိမ်နေလိုက်သည်။

" ခင်ဗျားကြီး ဒီကိစ္စ ကျုပ်နဲ့ပဲ ရှင်းပါ ဦးဗညား ဘာမှ မဆိုင်ခဲ့ ဘရဏီကို လွှတ်လိုက်ပါ "

www.burmeseclassic.com

www.burmeseclassic.com



" ငါမှာ မင်း မသိသေးတဲ့ အကြောင်းလေးတွေ ရှိသေးလို့ပါ ကျောက်လက်ဝါး၊ လာမယ့်အပတ်ထဲမှာ မင်းနဲ့ငါ အလဲအလှယ် လုပ်ကြတာပေါ့ "

ကျောက်လက်ဝါး ဦးဗညားကို ရှော့တွက်၍ မရမှန်း သဘော ပေါက်လိုက်သည်။ တကယ် ကောက်ကျစ်ယုတ်မာသူကြီး၊ သူနှင့် ဦးဗညားအကြား ဘရဏီက ဓါးစာခံဖြစ်နေပြီ။ သူ ဉာဏ်လှော်သုံး မှုကို ဖြစ်တော့မှာ။

ဘရဏီက 'သူ့လက်ထဲရောက်နေပြီဆိုတော့ ငါ ကြမ်းလို့ မရဘူး၊ အချိုသတ်ပြီး တစ်ဖက်လှည့်နဲ့ ပြောမှ ဖြစ်မယ်။

" ကောင်းပြီလေ၊ ဘရဏီ မှဲ့တစ်ပေါက်စွန်းရင်တော့ ခင်ဗျား မလွယ်ဘူးဆိုတာ မှတ်ပါ "

" မင်း ဒီအတွက်တော့ စိတ်ချ ကျောက်လက်ဝါးငါ့ရဲ့ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရဖို့ အရေးကြီးတယ်၊ ကျန်တာ ငါ တာဝန်ယူတယ်၊ ရတနာ တွေသာ ငါ့လက်ထဲ အမြန်ဆုံးအပ်နိုင်အောင် မင်း ကြိုးစားပါ "

ဘရဏီတစ်ယောက် ဦးဗညားလက်ထဲမှ ရှန်းကန်ရင်း သူ့ကို လှမ်းပြောလာသည်။

" ကို . . . ဘရဏီ ပြောတာ နားထောင်ပါ၊ ဒီ လူယုတ်မာကြီးရဲ့ ရတနာတွေ ပြန်ရှာမနေနဲ့တော့၊ ကုန်ပလေ့စေ"

" ဩော် ဒီလိုလား ရတယ်လေ၊ ကျောက်လက်ဝါး မင်း စဉ်းစားပေါ့ "

" ကျုပ်ကို ခင်ဗျားပြောတဲ့ ရက်ချိန်းသာ ပေးပါ၊ ဦးဗညား တစ်ပါတ်ပြည့်ရင် ခင်ဗျားပြောသလို ရတနာပစ္စည်းတွေနဲ့ ဘရဏီ အလဲအလှယ် လုပ်ကြတာပေါ့ "

ကျောက်လက်ဝါး ပြောပြီးသည်နှင့် ဆိုင်ကယ်ဖြင့် အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့လိုက်သည်။

(ဘရဏီကို သူ့လက်ထဲက လွတ်အောင် အမြန်ကယ်ထုတ်ရမယ် )

ကျောက်လက်ဝါး စိတ်ထဲက အစီအစဉ် ဆွဲနေမိသည်။ ပထမ ဦးဗညားလက်တွင်းမှ ဘရဏီကို ကယ်ထုတ်ရမည်။

ဒုတိယ ပင်လယ်ထဲ ကျသွားသော ရတနာသေတ္တာအား ပြန်ဆယ်ယူပြီး နိုင်ငံတော်အစိုးရကို အပ်ရမည်။

တတိယ ဦးဗညားနှင့် သူ၏ လက်ပါးစေတပည့်များနှင့် တရားမဝင် ပြည်ပနိုင်ငံများသို့ ရတနာတွေ ခိုးထုတ်နေသည့် အဖွဲ့များအား သုတ်သင်ရှင်းလင်းရမည်။

ညက အမှောင်ထု ကြီးစိုးနေသည်။ ပုစဉ်းရင်ကွဲ ကောင်လေးများ အော်နေသံက ညအမှောင်တိတ်ဆိတ်မှုကို ကြီးစိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုကို အားပြုပြီး သူ ဦးဗညားအိမ်ဆီသို့ ချဉ်းကပ်လာခဲ့သည်။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ သူ ဝရံတာလက်တန်းအား ဆွဲခိုပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။

"ဘရဏီကို ဘယ်အခန်းမှာများ ထားလဲမသိဘူး၊ တစ်အိမ်လုံးရှာတာ နှံ့နေပြီ၊ ဘယ်သူမှ မတွေ့၊ သူ ဦးဗညားအခန်းဘက်သို့ လျှောက်လာခဲ့သည်။

အခန်းတံခါးကို ဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့လိုက်သည်။ ဦးဗညား၏ ဇနီး ဒေါ်ကြူကြူ အိပ်နေ၏။ သူ ခါးကြားမှ သေနတ်ထုတ်ယူ၍ ဒေါ်ကြူကြူအား ပုတ်နိုးလိုက်သည်။

" မောင်မင်း မင်း ဒါ ဘာလုပ်တာလည်း "

" မအော်နဲ့၊ ဒေါ်ကြူကြူ ကျုပ်ရဲ့ သေနတ်က လူမရွေးဘူး၊ ခင်ဗျား ယောကျာ်းနဲ့ ဘရဏီတို့ ဘယ်မှာလဲ . . . ပြိမ်ညာ



www.burmeseclassic.com

www.burmeseclassic.com



မယ်တော့ မကြဲနဲ့နော် ”

“ အန်တီ့အသက်ကို ချမ်းသာပေးပါကွယ်၊ သူတို့ မြို့စွန်က အိမ်ကြီးမှာ ရှိပါတယ်၊ မင်း ဒီကိုလာမယ်ဆိုတာသိလို့ သူတို့ အဲဒီကို ပြောင်းသွားကြတာပဲ ”

ကျောက်လက်ဝါး သဘောပေါက်သွားပြီ၊ ဦးဗညားဟာ ငါ ထင်ထားတာထက်တောင် ပိုပြီးဖျံကျနေတာပဲ၊ သူတို့နောက် အမြန် လိုက်မှ . .

သူ မြို့စွန်ဘက်သို့ ဆိုင်ကယ်ဖြင့် လိုက်လာခဲ့သည်။

“ ဗရော . . ဝေါ ”

ကျယ်ဝန်းလှသော ခြံကျယ်ကြီးထဲတွင် ကျွန်းပင်ကြီးများက စိမ်းညို့စွာ ပေါက်နေ၏။ ညအမှောင်အောက်တွင် သစ်ပင်ရိပ်များ ဖြင့် အုပ်မိုးထားသဖြင့် ခြံကျယ်ကြီးအလယ်မှ တိုက်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



အထီးကျန်စွာဖြင့် ရှိနေသည်။

" ဒီ ခြံကြီးပဲ ဖြစ်ရမယ် "

ကျောက်လက်ဝါး ခြံဝင်းတံခါးကို ကျော်ပြီး အထဲသို့ ဝင်ခဲ့သည်။

တိုက်အိမ်ကြီး၏ ဘေးပတ်လည်သို့ အစောင့်ရှိမရှိ လှမ်းအကဲခတ်လိုက်သည်။ လူရိပ် လူခြေ မတွေ့ရသဖြင့် သူ တိုက်အိမ်အနီးသို့ အသာကပ်လာခဲ့သည်။

အထဲမှာလည်း မှောင်မဲနေတာပဲ၊ နောက်ဖေးဘက်ပေါက်က ဝင်ရမယ်။

ကျောက်လက်ဝါး ရေပိုက်လိုင်းမှ တွယ်တက်၍ အပေါ်သို့ တက်လာခဲ့သည်။

ပြူတင်းမှန်အား အဝတ်ခံ၍ ခပ်အုပ်အုပ် ရိုက်ခွဲလိုက်၏၊



www.burmeseclassic.com

www.burmeseclassic.com



" ခွမ်း . . ခွမ်း "

" ဂျလောက် "

တံခါးဂျက် ပွင့်သွားသည်နှင့် ရေပိုက်လိုင်းမှ အခန်းတွင်းသို့ လှမ်းဝင်လာခဲ့သည်။

အခန်းတွင်းရောက်သည်နှင့် သူ့အား စတင်တိုက်ခိုက်ခြင်း ခံရတော့သည်။

" ဝိုး . . ဖြောင်း "

" အ "

ယိုင်ထွက်သွားသော ကိုယ်ကိုမတ်လိုက်ပြီး ရန်သူကို ရင်ဆိုင် ခိုက်သည်။ တစ်ဖက်လူက မျက်နှာဆီသို့ လက်သီးဖြင့် ပြေးထိုး ာပြန်သည်။

" ဝိုး "



www.burmeseclassic.com

www.burmeseclassic.com



" ကဲ . . လာစမ်းကွာ "

" ဘုန်း "

" အား "

သူ့လက်ကို ဆွဲကိုင်၍ အံလိုက်သင့် ပခုံးဖြင့်ထမ်းကာ ကိုင်ပေါက်လိုက်သည်။

ပြန်မထနိုင်မီ မျက်နှာဆီသို့ အဆက်မပြတ် ကန်ပစ်လိုက်သည်။

" ဖြောင်း . . ဖြောင်း . . ဖြောင်း . . ဖြောင်း "

" အီး . . ကျွတ် . . ကျွတ် "

ပျော့ခွေနေပြီဖြစ်သော ဂျိန်းအား သူ ကော်လံနှစ်စမှ ဆွဲကိုင်မြှောက်လိုက်သည်။

" ဘရဏီ ဘယ်မှာလဲ ပြောစမ်း "



www.burmeseclassic.com

www.burmeseclassic.com



" ပြော . . ပြောပါမယ် ၊ ငါ့ အသက်တော့ ချမ်းသာပေးပါကွာ၊ အိမ်ရှေ့တံခါးမကြီး အခန်းဘေးမှာပါ "

သူ့ဖြေသံဆုံးသည်နှင့် ကျောက်လက်ဝါး မျက်နှာဆီသို့ ဖြတ်ရိုက်ချလိုက်သည်။

" ဖြောင်း . . အား "

အခန်းဝတွင် အစောင့်မှာ အိပ်ငိုက်၍နေသည်။

ကျောက်လက်ဝါး နောက်ဘက်မှ အသာကပ်သွားပြီး ရှတ်ဖိုအား လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်သည်။

" ဖြောင်း . . အား "

သူ အခန်းတံခါးအား ဆွဲဖွင့်၍ အခန်းတွင်းသို့ ဝင်လိုက်သည်။

" ဟင် ဘရဏီ၊ တောက် မိုက်ရိုင်းလိုက်တာ "

ဘရဏီကို ထိုင်ခုံတွင် ကပ်ပြီး ကြိုးနှင့်တုတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာလည်း ဖူးယောင်နေ၏။ သူ အနားကပ်သွားပြီး ကြိုးများ ဖြေပေးလိုက်သည်။

" ကို . . . မြန်မြန်လုပ်၊ အဖိုးကြီး မကြာခင် ပြန်လာတော့မှာ၊ ခု သူ့တပည့်တွေ သွားခေါ်နေတာ "

" လာ ဘရဏီ နောက်ပေါက်က ဆင်းမယ် "

ကျောက်လက်ဝါးတို့ လာလမ်းအတိုင်း နောက်ဖေးရေပိုက် လိုင်းမှ တွယ်ဆင်းခဲ့ကြသည်။

" စိုးရိမ်လိုက်ရတာ ဘရဏီရယ် "

" ဘရဏီက 'ကို ' လိုက်လာမယ်ဆိုတာ သိသားပဲ "

ကျောက်လက်ဝါး ဆိုင်ကယ်ကို အမြန်ဆုံးမောင်းထွက် လိုက်သည်။

" ဝေါ . . ဝေါ . . ဗရော "



www.burmeseclassic.com

www.burmeseclassic.com



" ဒီလူကြီး ဘုရားတို့ကို မြေလှန်ရှာတော့မှာ 'ကို' ဘုရားတို့ ခြေရာဖျောက်ပြီး ရှောင်နေလိုက်ကြမယ် ကို "

" ကောင်းတယ် ဘုရား၊ ကိုလည်း ဘုရားနဲ့ တိုင်ပင်မလို့ "

" ဘုရား သူ့ကို ဖေဖေ မေမေတို့အတွက် ဝလဲ့စားခြေရမှ ကျေနပ်နိုင်မယ် ကို "

" တရားဥပဒေရှိပါတယ် ဘုရား ရယ်၊ ဒုစရိုက်ကောင်တွေ အတွက် နေစရာမြေ မရှိပါဘူး "

ကျောက်လက်ဝါး ဘုရားကို ဖြေသိမ့်နေရသည်။

" ဖေဖေဟာ လူယုံသတ်လို့ သေခဲ့ရတာကို ဦးဗညားဟာ ကျေးဇူးမသိတတ်တဲ့ လူစားမျိုးပဲ ကို၊ ဘုရား သူ့ကို လက်စား ချေမယ်ဆိုတာလည်း သူ သိထားတာဆိုတော့ တစ်ချက်နှင့် နှစ်ချက်ပြတ် ဘုရားနဲ့ မျှားပြီး သူ့ရတနာပစ္စည်း မြဲရအောင်



www.burmeseclassic.com

www.burmeseclassic.com



တြဲလိုက်တာပဲ "

" မပူပါနဲ့၊ ဘရဏီ သူ့အတွက် နေ၀င်ချိန်နီးနေပါပြီ၊ ဦးဗညား

တို နိုင်ငံတော်က လူသတ်ဒမြတိုက်မှုနဲ့ တရားမဝင် မှောင်ခိုမှု

တွေအတွက် သူနဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ချမှတ်ပေး ပါလိမ့်မယ်"

" ကိုယ်တို့ လွတ်သွားတဲ့အတွက် ဒေါသဖြစ်နေမှာ၊ ဘရဏီ

မြန်မြန် အဝတ်အစားတွေ သိမ်း၊ သူတို့ ဒီကို မကြာခင် ရောက်

လာကြလိမ့်မယ် "

ဘရဏီ အဝတ်အစားများကို ဟမ်းဘက်အိတ်ထဲ ထိုးသိပ်

ထည့်လိုက်သည်၊

" ရပြီ ကို ရယ်ဒီပဲ "

" ဒါဆို သွားစို့၊ ဒီအချိန်ဆို ဦးဗညား ခေါင်းတောက်

နေလောက်ပြီ "



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါး ကားကို ကျင်လည်စွာ မောင်းထွက်ခဲ့တော့သည်။

" ဝေါ . . ဝူး . . ဝူး "

ဦးဗညားတစ်ယောက်မှာဖြင့် အကြီးအကျယ် ဒေါ်ပွနေတော့သည်။ သူ၏ ငါးစာပါသွားခဲ့ပြီကိုး။ ဘုရားဏီ လွတ်သွားပြီဆိုလျှင် သူ၏ ရတနာပစ္စည်းများ ဘယ်နည်းနှင့်မျှ ပြန်မရနိုင်တော့။

" တောက် မင်းတို့တွေ တော်တော် အသုံးမကျတဲ့ကောင်တွေပဲ၊ ငါ ဂရိုက်ပါလို့ သေသေချာချာမှာထားရက်နဲ့များ ကွာ "

" ဒီဟာမလေးပါသွားတော့ ငါ ရတနာတွေ ဘယ်နည်းနဲ့မှ ပြန်မရနိုင်တော့ဘူးဆိုတာ မင်းတို့နားမလည်ဘူးလား "

ဦးဗညားမှာ အရူးတစ်ယောက်လို ပြောချင်တာ စွတ်ပြောနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်းတို့ အပြစ်နဲ့ မင်းတို့ပဲ ငါ့ကို ဒီရက်ပိုင်းအတွင်း ကောင်မ လေးကို ပြန်ရှာပြီး ဖမ်းပေး၊ နို့မဟုတ်လို့ကတော့လား ကုန် သတ်ပစ်မယ် ကြားလား ဂျိန်း . . "

" ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားပြီး ရှာပေးပါ့မယ် အာစရိ၊ တ်အေးအေး ထားပါ "

ဂျိန်းနှင့် နာကီ သူတို့အပြစ်လွတ်အောင် ဦးဗညားကို မျက်နှာငြ သွေးနေတော့သည်။

" အေး အပြောနဲ့ အလုပ် ညီပါစေ၊ ဘရက်ကီဟာ ငါ့အတွက် န္တရာယ်ဆိုတာကော မင်းတို့ သိရဲ့လား၊ ဒီကောင်မလေးကို မြန်ဖမ်းမိမှကို ဖြစ်မှာ "

" ဟုတ်ကဲ့ပါ အာစရိ "

ပင်လယ်ကမ်းစပ်အနီးရှိ ဟိုတယ်တစ်ခုတွင် ကျောက်လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com


တို့ အစဖျောက်နေလိုက်ကြသည်။

" ကိုတို့ ရတနာသေတ္တာကျသွားတဲ့နေရာမှာ ရတနာသေတ္တာ သွားပြီး ရှာကြရအောင် ဘုရင်မ "

" ကို ကျသွားတဲ့နေရာကို မှတ်မိနိုင်ပါ့မလား "

" ကိုယ် ဒီလောက် မည့်ပါဘူး ဘုရင်မရယ် နေရာအတိအကျ မှတ်ထားခဲ့ပါတယ်။ ဒီမှာလေ ကိုယ် မြေပုံကြမ်း ဆွဲထားတယ် "

" ပင်လယ်ကြီးထဲ ရှာရမှာဆိုတော့ အန္တရာယ်များလှပါတယ် ကိုရယ် ဖြစ်ပါ့မလား"

" ဖြစ်ပါတယ် ဘုရင်မရယ်၊ ရတနာတွေက စုစုပေါင်း သိန်း (၅၀၀) ဖိုး လောက်ရှိတာ တွေ့အောင်ရှာပြီး နိုင်ငံတော်အစိုးရ လက်ကို အပ်ရမယ် "

" ကို ရည်ရွယ်ချက် ကောင်းပါတယ်၊ ဘုရင်မတို့ ကြိုးစားပြီး


www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေကြတာပေါ့ ကို "

စပိဘုတ်မော်တော်လေးတစ်စင်း ပင်လယ်ရေမျက်နှာပြင်အား ထိုးခွဲပြီး ရေပြင်ပေါ်ရှိ တရိပ်ရိပ် ပြေးလျှက်ရှိသည်။

" ဝရော . . ဘုတ် . . ဘုတ် . . ဘုတ် . . ဘုတ် . . ဘုတ် "

ဘရဏီ၏ ဆံစလေးများ လေထဲလွင့်ဝဲနေ၏။

" သဘာဝအလှအပက သိပ်သာယာတာပဲနော် ကို "

" ဟုတ်တယ် ဘရဏီ၊ လတ်ဆတ်သန့်ရှင်းတဲ့လေကို ရှူရှိုက်ခြင်းဟာလည်း ကျန်းမာရေးကို များစွာအထောက်အကူ ပြုတယ်လေ "

သူ လေကို တဝရှူသွင်းလိုက်ပြီး ဟူးကနဲနေအောင် မှုတ်ထုတ်လိုက်သည်။

" နေမကောင်းတဲ့သူတွေဆို ပင်လယ်လေကောင်းလေသန့်

www.burmeseclassic.com

www.burmeseclassic.com



ရှသွင်းရှိက်တာနဲ့တင် ရောဂါဝေဒနာ သက်သာတယ်လေ "

" ကိုကို မေးရအုံးမယ်၊ (Seven Top) မှာ ဘုရားတို့ကို ဘာဖြစ်လို့ ဝင်ကူညီခဲ့တာလည်း ဟင် "

" ဒီ ဘုရား လေးကို ဒီကောင်တွေ ရက်ရက်စက်စက် နှိပ်စက်နေတာကို မကြည့်ရက်လို့ ပေါ့ကွာ "

" ကိုယ်သာ မကယ်ခဲ့ရင် ဒီကောင်တွေ ဘုရားကို ဘယ်လောက် အနိုင်ကျင့်လိုက်မလဲ မသိဘူး "

" ဘုရား လက်ရည်ကျနေပြီလေ "

" ကို့ကို ဘုရား သတိပေးထားရဦးမယ်နော်၊ ဒီလူကြီးက ကိုကို အခဲကြေမှာ မဟုတ်ဘူး၊ ဉာဏ်ကလဲ သိပ်များတာ၊ ဆင်ကြံကြံပြီး ကိုယ့်ကို ဒုက္ခပေးမှာ စိုးရိမ်တယ်ကွာ "

" ကိုလဲ ဒီလိုကြီးမှ မနေတာကွာ၊ သူဦးရင် သွားပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



သူတို့စီးလာသော စပိဘုတ်ကလေးမှာ တစတစ ပင်လယ်နက်ထဲသို့ ရောက်လာခဲ့သည်။

" ကဲ ကို ပင်လယ်နက်ထဲတောင် ရောက်နေပြီ၊ ရတနာသေတ္တာကျတဲ့နေရာ မရောက်သေးဘူးလား "

ကျောက်လက်ဝါး မြေပုံကြမ်းစာရွက်ကလေးအား ဆွဲထုတ်ပြီး ပြန်ကြည့်လိုက်သည်။

" ရှေ့က ကျွန်းကြီးကျော်ပြီးရင် ရောက်လုပါပြီ ဘရဏီ "

ကျွန်းကြီးအား ဖြတ်ကျော်ပြီးသည်နှင့် ကျောက်လက်ဝါး စပိဘုတ်လေးအား စက်သတ်ပစ်လိုက်၏။ ကျောက်လက်ဝါး ရေကူးဝတ်စုံ ဝတ်လိုက်သည်။

" ကဲ ဘရဏီ ကို ဆင်းတော့မယ်၊ အပေါ်ကပဲ စောင့်နေ့် "

" ကို ရေက သိပ်နက်တယ် သတိတော့ထားနော် "



www.burmeseclassic.com

www.burmeseclassic.com


သူ ပင်လယ်ထဲသို့ ဒိုင်ဗင်ပစ် ဆင်းခဲ့တော့သည်။

" ဗွမ်း "

" ကို တစ်ယောက် ရေအောက်မှာ အန္တရာယ်ကင်းပါစေ၊ ဘရဏီ ကျောက်လက်ဝါးအတွက် အန္တရာယ်ကင်းအောင် ဆုတောင်းပေးနေမိသည်။

+++++

ဦးဗညားတစ်ယောက် သူ၏တပည့်များနှင့် ဘရဏီတို့ အိမ်ဆီသို့ ရောက်လာခဲ့သည်။ ကားပြာကြီးက ဘရဏီတို့အိမ်ရှေ့တွင် ထိုးဆိုက်ရပ်လိုက်သည်။

" ကျွိ "

" ဟာ ဆရာ ဗညား အိမ်တံခါး သော့ခတ်သွားပါလား "

" ရိုက်ဖွင့်ကွာ၊ သေသေချာချာ ရှာကြည့်ကွာ၊ အထဲမှာ ပုန်းရင်



www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေမှာ၊ တောက် . . မင်းတို့ သေနတ်သုံးမကျွလို့ကွ၊ မတွေ့ဘူး ကတော့ ငါ ရတနာတွေဆုံးပြီ၊ မင်းတို့ ပြေးနိုင်သလောက် ပြေးစမ်းကွ ”

သူတို့ တံခါးအား ရိုက်ဖြတ်ပြီး အိမ်ထဲသို့ ဝင်လာခဲ့ကြသည်၊ တစ်အိမ်လုံး ချောက်ကပ်တိတ်ဆိတ်နေ၏။

“ ဆရာကြီး ဒီကောင်တွေ တစ်နေရာမှာ ရှောင်နေကြပြီနဲ့ တူတယ် ”

ဦးဗညား တစ်ယောက် မျက်စိမျက်နှာ ပျက်နေပြီ၊

“ သွားပါပြီ ငါ့ရတနာတွေတော့ ဆုံးပါပြီကွာ၊ ”

“ သိပ်ပြီးလဲ ပူမနေ ပါနဲ့၊ ဆရာကြီး မိုးမိတ်မြို့မှာ တွန်တော်တို့ ကြီးပျင်းလာတာပါ၊ ဒီနှစ်ယောက်ကို မကြာခင် ခြေရာခံ အောင်ကြိုးစားပါ့မယ် ”



www.burmeseclassic.com

www.burmeseclassic.com



" အေး မင်း ပြောသလိုမျိုး အမြန်သာတွေ့အောင် ရှာပေးပါ ဂျိန်း၊ ငါ့ ရင်တွေ ပူလှပြီ၊ ရတနာတွေက သိန်း (၅၀၀) ဖိုးလောက် ပါသွားတာ၊ ငါ့ ရတနာတွေကို ဒီကောင် ကလိန်ကကျစ်လုပ်သွားတာ "

ဦးဗညားရင်တွင်း အပူအား မမျိုသိပ်နိုင်တော့ ပေါက်ကွဲ ပွင့်အံကျလာတော့သည်။ ဝင့်ဆိုတာ လည်တက်စမြဲဆိုတာ သူ တဖြည်းဖြည်း သဘောပေါက်လာခဲ့၏။

+++++

ကျောက်လက်ဝါး ပင်လယ်ရေအောက်တွင် (၄၅) မိနစ်ခန့်ရှာဖွေပြီးသောအခါ ရင်ထဲမွန်းကြပ်လာသဖြင့် ရေပြင်ပေါ်သို့ပြန်ကူးခတ်လာခဲ့တော့သည်။

" နောက်နေ့မှ ဆက်ရှာရမယ်၊ အောက်စီဂျင်ဘူးထဲလည်း တိ



www.burmeseclassic.com

www.burmeseclassic.com



အောက်စီဂျင် ပြတ်နေပြီ ”

ကျောက်လက်ဝါး ရေပြင်ပေါ် ရောက်လာသည်နှင့် ဘရဏီ ဝမ်းသာအားရ မေးလိုက်သည်။

“ တွေ့ခဲ့လား ကို ”

“ ဒီနေ့တော့ မတွေ့သေးဘူး ဘရဏီ နောက်နေ့ ဆက်ရှာကြတာပေါ့ ၊ ဟား . . ဟား . . ဟား ”

“ စိတ်ဓာတ် မကျပါနဲ့ ဘရဏီရယ်၊ ကိုယ် နေရာကို သေသေချာချာ မှတ်ထားခဲ့ပါတယ် ”

“ မကျပါဘူး ကိုရဲ့၊ ဘရဏီတောင် ဆင်းရှာချင်နေတာ ”

လိုအပ်သည့် ပစ္စည်းများ ဝယ်ယူပြီး ကျောက်လက်ဝါးတို့ စတိုးဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

“ ကို တစ်ယောက်ထဲဆို နေရာအနည်းအကျဉ်းပဲ ရှာနိုင်မှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘရက်ဇ်ဝါ ကျူပြီးရှာမှ ဒီရတနာသေတ္တာ မြန်မြန်တွေ့မှာ ”

“ ကဲ . . ကဲ အမိ သဘောပဲ ခင်ဗျ၊ အဲ ဒီလိုလေးတွေ ကို့အပေါ် အလိုက်သိတတ်လို့လည်း ဒီကအသည်းနင့်အောင် ချစ်နေရတာ ”

ကျောက်လက်ဝါး အပြောကြောင့် ဘရက်ဇီ မျက်နှာလေး ပန်းနု ရောင်ပြေးသွား၏။

“ ဘာဆိုင်လို့လည်းကွယ်၊ ဘရက်ဇီပြောတာနဲ့ တခြားစီ ”

“ ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ ချစ်တာက ချစ်တာပဲ ဟား . . ဟား ”

အထုပ်အပိုးများကို ကားပေါ်တင်လိုက်ကြ၏။

“ ဟာ ဟော့ကောင် . . ဟိုမှာ ကျောက်လက်ဝါးဖွဲ့ ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



" အေး . . အေး . . ဟုတ်တယ်ကွ "

" ငါတို့ နောက်က လိုက်ကြရအောင် "

" ကောင်းတယ် နာကီ၊ လိုက်မယ် "

ဂျိန်းနှင့် နာကီ ကျောက်လက်ဝါးတို့ ကားနောက်မှ နောက်ယောင်ခံပြီး လိုက်ခဲ့ကြသည်။

" ဝူး . . ဝူး . . ဝေါ "

" ဟောကောင် သူတို့ ကားပေါ်တင်နေတဲ့ ပစ္စည်းတွေ မင်း သေချာကြည့်မိလား "

" အဲဒါတော့ ငါ သတိမထားမိလိုက်ဖူးကွ "

" ငါ သတိထားမိတာတော့ ရေကူးဝတ်စုံတွေနဲ့ တူတယ်ကွ၊ ဘာများလုပ်မလို့လဲ မသိဘူး "

" ဟာ ဟုတ်ပြီ၊ ရတနာသေတ္တာက ပင်လယ်ထဲကျသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒီကောင် ပင်လယ်ထဲက ရတနာသေတ္တာရှာဖို့နဲ့ တူတယ်"

" ဖြစ်နိုင်တယ် ဂျိန်း၊ ဒီကောင် ရဟတ်ယာဉ်ပေါ်က ငါရဲ့ ရတနာသေတ္တာကို ပင်လယ်ထဲသင်္ဂြိုဟ်ကင်းအောင် ပစ်ချပြီး အခု ရှန်ဆယ်တာ ဖြစ်ရမယ် "

" ဆရာကြီး ပြောတာ ဟုတ်တယ်၊ ဒီကောင်တွေရဲ့ နောက် နေလိုက်ပြီး ရတနာသေတ္တာ ပြန်ရအောင်ယူပြီး နှစ်ယောက်စလုံး ပြည်ပို့ရမယ် ဆရာ "

" ဒါပဲပေါ့ ငါတပည့်ရာ၊ ငါတို့ အပင်ပန်းခံစရာ မလိုပါဘူး၊ ကောင်တွေ ဆယ်ပြီးတာနဲ့ နှစ်ယောက်စလုံးကို ရှင်းပစ်ပြီး ရတနာတွေ ပြန်ယူယုံပဲ "

" ဟုတ်တယ် အာစရိ၊ အာစရိ အစီအစဉ် ကောင်းတယ် "

ကျောက်လက်ဝါး ရေငုတ်ပစ္စည်းများအား အိတ်ကြီးထဲ ထိုး

www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး ထည့်နေ၏။

" ကို ပစ္စည်းတွေ အဆင်သင့်ဖြစ်ပြီ၊ သွားကြတော့မလား "

" သွားစို့ ဘရဏီ၊ ဒီနေ့တော့ တစ်နာရီလောက် ငုပ်ရမှာပဲ "

စပိဘုတ်ကလေးရှိရာသို့ သူတို့နှစ်ဦး လျှောက်လာခဲ့ကြသည်။

" ဘရဏီ ရေထဲဆင်းလို့ ဖြစ်ပါ့မလားကွာ "

သူ စိုးရိမ်စွာဖြင့် ဘရဏီအား မေးလိုက်သည်၊

" ဖြစ်ပါတယ်၊ ဘရဏီ ရေကောင်းကောင်း ကူးတတ်ပါတယ် ကိုရဲ့ "

ဘရဏီတစ်ယောက် အားကျမခံ ပြန်ပြောလိုက်သည်။

ကျောက်လက်ဝါးတို့အား အဝေးမှ လူတစ်စု လှမ်းပြီးအကဲခတ်နေသည်။

ဦးဗညားနှင့် သူ၏ တပည့်ကျော်များဖြစ်သော ဂျိန်းနှင့် နအော်တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဆရာကြီး ဟိုမှာ ကျောက်လက်ဝါးတို့ မော်တော် ထွက်သွားပြီ "

" သွားပါစေ၊ ငါတို့ ဖြည်းဖြည်းပဲ နောက်က လိုက်ကြတာပေါ့"

" ငါတို့ကို အတွေ့ခံလို့ မဖြစ်ဘူး၊ တော်ကြာ ငါတို့ အစီအစဉ်ပျက်နေဦးမယ် "

ကျောက်လက်ဝါးတို့ အတော်ဝေးသွားမှ သူတို့မော်တော်လေးအား စက်နှိုးပြီး လိုက်ခဲ့ကြသည်။

" ဝေါ . . ဘုတ် . ဘုတ် . . ဘုတ် ဘုတ် "

မော်တော်ငယ်လေးမှာ ပင်လယ်ရေပြင်အား ထိုးခွဲပြီး တရိပ်ရိပ် ပြေးနေတော့သည်။

" ကို မြေပုံကို သေချာကြည့်ဦးနော်၊ တော်ကြာ နေရာလွဲနေအုံးမယ် "



www.burmeseclassic.com

www.burmeseclassic.com


ဘရဏီက မြေပုံစာရွက်လေးအား ဖြန့်ကြည့်ပြီး ပြောလိုက်သည်။

" ကို ညကတည်းက သေချာကြည့်ပြီးပြီ ဘရဏီ၊ ဒီတစ်ခါတော့ မလွဲမသေ တွေ့ရမှာပါ "

သူတို့နှစ်ဦး ရေငုတ်ဝတ်စုံများ ကိုယ်စီဝတ်လိုက်ကြသည်။

" ကိုယ်တို့ ဆင်းကြစို့ ဘရဏီ၊ နေလုံးက ကိုယ်တို့ ခေါင်းပေါ် တည့်တည့်မှာဆိုတော့ ရေထဲမှာ ရှင်းရှင်းလင်းလင်း မြင်ရပြီ၊ ကိုယ်တို့အတွက် အံချိန်ကောင်းပဲ "

ကျောက်လက်ဝါးတို့ ပင်လယ်ထဲ ဆင်းလိုက်ကြသည်။

ပင်လယ်ရေက အေးစိမ့်နေ၏။

" ဘရဏီ အောက်စီဂျင်ဗူးကို သတိထားနော်၊ အောက်စီဂျင် ငွေ့ အလွတ်များရင် ခဏလေးနဲ့ ကုန်သွားလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com


" စိတ်ချပါ ကိုရဲ့၊ ဘရဏီနဲ့ အဝေးကြီးတော့ မသွားနဲ့နော်"

ကျောက်လက်ဝါးတစ်ယောက်ထဲရှာလျှင် တော်ယုံနှင့် တွေ့မည် မဟုတ်။ နှစ်ယောက်ဝိုင်းရှာမှ ရတနာသေတ္တာ မြန်မြန်တွေ့မှာမို့ သူမ လိုက်ခဲ့ခြင်းဖြစ်သည်။ သူမ အခုလို ပင်လယ်ရေနက်ထဲ မဆင်းဘူး၊ ရုပ်ရှင်တွေထဲကလို ငမန်းနှင့်တွေ့လျှင် ဒုက္ခ . .။

ပင်လယ်ရေအောက်ထဲတွင် ရေသတ္တဝါမျိုးစုံ သွားလာနေကြသည်။

" ဒီနေရာ ဟိုနေ့က ငါ ရှာခဲ့တဲ့ နေရာပဲ၊ ဒီတော့ ရှေ့က ကျောက်စွယ်တွေကြား သွားရှာကြည့်ရမယ် "

ကျောက်လက်ဝါး ဘရဏီအား လိုက်ခဲ့ရန် လက်ယပ်ပြလိုက်ပြီး ကျောက်စွယ်တွေဘက်သို့ ကူးလာခဲ့၏။

ရွှေငါးကလေးတစ်အုပ် သူတို့ကို လန့်ပြီး ထွက်ပြေးသွားကြ


www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ခါတစ်ရံ လိပ်ကလေးများကို တွေ့ရ၏။

" ရေထဲမှာ ချစ်စရာကောင်းတဲ့ ငါးလေးတွေ ရှိသလို ကြောက်စရာကောင်းတဲ့ ငမန်းတို့ မိကျောင်းတို့လဲ ရှိမှာပဲ "

ကျောက်လက်ဝါး လက်ဟန်ခြေဟန်နှင့် လုပ်ပြလိုက်သည်။ ဘရဏီက သူရှိကြောင်း မကြောက်ဖူးဆိုသည်ကို ပြန်လုပ်ပြ၏။

" ရေအောက်မှာက အန္တရာယ်များတယ် ဘရဏီ၊ သတိတော့ ထားနော် "

" မကြောက်ပါဘူး၊ လက်နက်တွေ အပြည့်အစုံဝါသားပဲ၊ နောက်ပြီး ကိုလည်း ဘရဏီအနားမှာ ရှိနေတဲ့ဟာပဲ "

" ကိုက ထွက်ပြေးမှာ၊ ကြောက်တတ်တယ်ဗျ "

ဂျိန်းက မော်တော်ယာဉ်လေးအား စက်ရှိန်မြှင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ကျောက်လက်ဝါးတို့ မော်တော်ကလေးအား ရှေ့တွင် လှမ်းမြင်နေရပြီ။

" ဆရာကြီး ကျွန်တော်တို့ မော်တော် ဘယ်နားရပ်မလဲ၊ ရှေ့မှာ ဟိုကောင်တွေ မော်တော် မြင်နေရပြီလေ "

" ခပ်လှမ်းလှမ်းမှာဘဲ ရပ်လိုက်ကွာ၊ ဒီကောင်တွေ တက်လာမှ သွားပြီး နှိပ်ကွပ်ရမယ် "

ဂျိန်းတစ်ယောက် မော်တော်ဘုတ်ကလေးအား ကျွန်းကြီး၏ ဘေးထိုးကပ်ရပ်လိုက်သည်။

" ရပြီ ဂျိန်း၊ ဒီနေရာလေး အတော်ပဲ "

ပင်လယ်ရေအောက်တွင် ကျောက်လက်ဝါးတို့ ရတနာသေတ္တာလေးအား ရှာနေသည်မှာ နာရီဝက်ကျော် ကြာနေပြီ၊ အခြေအနေက မထူးခြားသေး။


www.burmeseclassic.com

www.burmeseclassic.com



" လာ ဘရဏီ၊ ဟိုးရှေ့က ကျောက်တုံးတွေအကြား သွား ရှာရအောင် "

" ကို ဒီဘက်ကသွား၊ ဘရဏီ ဟိုဘက်ကကွေ့ပြီး လိုက်ခဲ့မယ်"

ကျောက်လက်ဝါးက လက်ရှော့ချင်နေပြီ။ ဘရဏီ့ကို ကြည့် လိုက်တော့ အားတက်သရော တွေ့ရသောကြောင့် သူ့စိတ်ကို ပြန်တင်းလိုက်သည်။

" အင်း . . ငါလည်း နေရာ အသေအချာ မှတ်ထားတာပါ မတွေ့နိုင်စရာတော့ အကြောင်းမရှိပါဘူး "

သို့တ အကြောင်းမဟုတ်၊ ဘရဏီအတွက် စိတ်ပူမိသည်။

" ဖြစ်ပါ့မလား ဘရဏီ "

" ဖြစ်ပါတယ် ကို၊ ဘရဏီကို စိတ်ချပါ "

သူမ ကျောက်စွယ်တွေကြားထဲသို့ ကွေ့ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမှော်ပင်မဲမဲကလေးများ မြင်တိုင်း သူမ ရတနာသေတ္တာများလားဟု အပြေးအလွှား ကြည့်မိသည်။

ကျောက်စွယ်ခေါင်းအတွင်း တစ်နေရာမှ ငါးတစ်အုပ် သူမကိုတွေ့ပြီး အလန့်တကြား သူမအနားမှ ဖြတ်ပြေးသွားသဖြင့် ဘရဏီလန့်ပြီး ရှောင်လိုက်ရာ ကျောက်စွယ်ချွန်တစ်ခုက သူမ၏လက်မောင်းသားအား ထိုးခွဲသွားသည်။

" ဗို . . အား "

ဒဏ်ရာမှ သွေးများ ရေပြင်ထဲ စီးမျောသွားကြသည်။

ဘရဏီ ဘောင်းဘီအိတ်တွင်းမှ လက်ကိုင်ပုဝါအား ထုတ်တာလက်မောင်းမှ ဒဏ်ရာအား စည်းထားလိုက်သည်။

သူမလက်မှ ဒဏ်ရာအား သတိမထားနိုင်။ ရတနာသေတ္တာလေးကိုသာ ဇွဲကြီးကြီးဖြင့် ရှာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကြီးအား သူမကွေ့ပတ်လိုက်ပြီး ကျောက်တုံးကြား
ချိုင့်ဖြစ်နေသော နေရာတွင် မဲမဲသဏ္ဌာန်အရာဝတ္ထုတစ်ခုအား
သူမ တွေ့လိုက်ရသဖြင့် အနားတိုးကပ်ပြီး ကြည့်လိုက်သည်။

သေတ္တာငယ်လေးမှာ မြေကြီးထဲတွင် သုံးပုံနှစ်ပုံခန့် မြုပ်ဝင်
နေပြီး အပြင်တွင် အနည်းငယ်သာ ပေါ်နေသည်။

သူမ ဖုံးအုပ်နေသော သဲများအား ယက်ဖယ်လိုက်၏။ သေတ္တာ
လေးမှာ သဲကွဲစွာ ပေါ်လာခဲ့သည်။

" ဟယ် ဟုတ်တယ်၊ ရတနာသေတ္တာလေးဟ၊ ကို သိရင်
ဝမ်းသာမှာပဲ "

ဘရဏီ ရတနာသေတ္တာကလေးအား မြေကြီးထဲမှ ဆွဲယူပြီး
ကျောက်လက်ဝါးဘက်သို့ ကူးခတ်လာခဲ့သည်။

ကျောက်လက်ဝါးကို တွေ့သည်နှင့် ဘရဏီ ရတနာသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



လေးအား ဝမ်းသာအားရ ထောင်ပြလိုက်သည်။

ကျောက်လက်ဝါးကို ဘရဏီအား လှမ်းအကြည့်တွင် ဘရဏီ နောက်ဘက်ဆီမှ မဲမဲသဏ္ဌာန်အား သတိထားမိသွား၏။

" ဒီဘက်ကို ကူးလာနေတာ လူလား ငါးလား မသိဘူး။ တဖြည်းဖြည်း နီးလာတော့မှ မဲမဲသဏ္ဌာန်မှာ ငမန်းတစ်ကောင် ဖြစ်နေကြောင်း သဲကွဲစွာ မြင်လိုက်ရသည်။

" ဟင် ဒါ ဒါ ငမန်းပဲ "

ကျောက်လက်ဝါး ဘရဏီဆီသို့ အမြန်ကူးသွားပြီး ဘေးဘက်သို့ တွန်းထုတ်လိုက်သည်။ ကျောက်လက်ဝါး ငမန်းကို ရင်ဆိုင်လိုက်၏။

" ဘရဏီ ကျောက်တုံးကြား သွားပုန်းနေ "

" ကို သတိထားနော် "



www.burmeseclassic.com

www.burmeseclassic.com



ငမန်းမှာ ကျောက်လက်ဝါးကို မြင်သည်နှင့် တရှိန်ထိုးခြေးလာကာ ကြီးမားသော ပါးစပ်ကို ဖြဲ၍ ထိုးဟပ်တော့သည်။

" ဝိုး "

ကျောက်လက်ဝါးက ဘေးဘက်သို့ လှိမ့်ပြီး ရှောင်ပေးလိုက်သည်။

ငမန်းကြီးမှာ အဝေးရောက်သွားရာမှ ဒေါသတကြီး ပြန်လှည့်လာပြီး ကျောက်လက်ဝါးအား ထိုးဟပ်လိုက်ပြန်သည်။

ကျောက်လက်ဝါး ဝမ်းဗိုက်အောက် ငုံ့ရှောင်လိုက်ပြီး ငမန်း၏ ဝမ်းဗိုက်အား ဓါးမြှောင်ဖြင့် ထိုးလိုက်ပြီး ခွဲခြမ်းပစ်လိုက်တော့သည်။

" ရော့ကွာ . . စွပ် . . . ဖရူး "

ငမန်းကြီး၏ ဝမ်းဗိုက်မှ အူများ အခွေလိုက် ထွက်လာပြီး သွေးရူးသွေးတန်းဖြင့် ထွက်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်တွင် သွေးများဖြင့် ရဲရဲနီသွားတော့သည်။

ကျောက်လက်ဝါး ဘရဏီအတွက် စိုးရိမ်သွားမိသည်။ ငမန်းတို့သဘာဝ သွေးညှီနံ့ရလျှင် ခဏချင်း ထိုနေရာသို့ စုဝေးရောက်ရှိလာတတ်၏။

" ကဲ . . . ဘရဏီ၊ အမြန် ရေပေါ်တတ်ကြစို့ ၊ ဒီနေရာကို သွေးညှီနံ့ကြောင့် မကြာခင် ငမန်းတွေ ရောက်လာကြလိမ့်မယ်"

သူတို့ ရေမျက်နှာပြင်ထက်သို့ လျှင်မြန်စွာဖြင့် တတ်လာခဲ့ကြသည်။

ကျောက်လက်ဝါး ဘရဏီကို ပွေ့ပြီး မော်တော်ပေါ် တွန်းတင်ပေးလိုက်သည်။

ပြီးမှ သူ့နောက်က လိုက်တက်၏။

"လာ အစ်ကို၊ အပေါ်မြန်မြန်တက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဝူး.. အမလေးနော် ကံကောင်းလို့ငမန်းစာ မဖြစ်တယ်"

ကျောက်လက်ဝါး ယခုမှ သက်ပြင်းချနိုင်တော့သည်၊ သူတာ အကြောင်းမဟုတ်၊ ဘရဏီနှင့် နှစ်ယောက်ဆို ဒုက္ခ ငမန်းတွေ ရန်က လွတ်မှာမဟုတ်၊ မကြာခင်ထိုနေရာသို့ ငမန်းများ မလွဲ ဧကန် ရောက်လာတော့မှာ...

"သွားကြစို့ ကို"

ကျောက်လက်ဝါး စပိဘုတ်လေးအား စက်နှိုးပြီး မောင်းထွက် လိုက်သည်၊

ကျောက်လက်ဝါးတို့၏ လှုပ်ရှားမှုကို ဂျိမ်းတို့ဆရာတပည့်တွေ မြင်နေရ၏၊

ဦးဗညားမှာလည်း စိတ်ထဲတွင် မရိုးမရွ ဖြစ်နေပြီ၊ သူ၏ ရတနာသေတ္တာအား ပြန်ရတော့မည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ဟိုကောင်တွေ လှေပေါ်ကိုရောက်နေပြီ၊ ဘယ်လို လုပ်ကြမလဲ"

"ဒီကောင်တွေဆီကိုသာ မောင်းတော့ကွာ၊ တွေ့ကြသေးတာ ပေါ့ ကျောက်လက်ဝါးရယ်"

ဦးဗညားတစ်ယောက် သေနတ်ကို ကျည်ဆံဖြည့်လိုက်သည်။

"ဖျောက် ဖျောက် ဖျောက်"

ဦးဗညားတို့ စပိဘုတ်လေးမှာ ရေပြင်ပေါ်တွင် မြားတစ်စင်း အလားပြေးနေတော့သည်။

တဖြည်းဖြည်း ကျောက်လက်ဝါးတို့ မော်တော်ဘုတ်ကလေးနှင့် နီးသထက်နီးလာ၏။

"ဟော့ကောင် ဂျိန်း၊ မော်တော်ချင်းကပ်လိုက်"

"ဟုတ်ကဲ့ အာစရိ"



www.burmeseclassic.com

www.burmeseclassic.com


သူတို့မော်တော်ကလေး ကျောက်လက်ဝါးတို့ မော်တော်ဘုတ်ကို မှီလာပါသည်။ မော်တော်နှစ်စီး ယှဉ်မိသည်နှင့် ဦးဗညားက ကျောက်လက်ဝါးတို့အား သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

"တဲ တပည့်ကျော်ကြီး ကျောက်လက်ဝါး၊ ရတနာသေတ္တာလေး ဆရာကို ပေးစမ်း၊ လှုပ်လှုပ်ရှားရှားတော့ မလုပ်နဲ့နော်၊ ဒီဘဝမှာ မင်းတို့နှစ်ယောက် မပေါင်းလိုက်ရဘဲ ဖြစ်သွားလိမ့်မယ်"

ကျောက်လက်ဝါး ရတနာသေတ္တာအား ဆွဲယူ၍ ခေါ်ထပ်ရပ်လိုက်ပြီး ဘရဏီအား မျက်စိတစ်ဘက်မှိတ်ပြလိုက်သည်။

"ခင်ဗျားကို ကျုပ် တစ်ခုပြောပါရစေ ဦးဗညား၊ ဒီရတနာသေတ္တာကို နိုင်ငံတော်ကို အပ်လိုက်ပါ"

"ဘာ. . . ဘာကွ၊ နိုင်ငံတော်ကို အပ်ရမယ် ဟုတ်လား"

"ဟုတ်တယ် ဦးဗညား၊ ပြည်သူပိုင်ပစ္စည်းအဖြစ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရှုးနေသလား ကျောက္ကလက်ဝါး၊ ဒါငါ့အပိုင်ပစ္စည်းကွ၊ ကောက်တွေ့တာမဟုတ်ဘူး၊ အေး ကောက်တွေ့တာဆိုရင်တောင် မအပ်နိုင်ဘူးကွ"

ကျောက်လက်ဝါး ဦးဗညားကို သွေးအေးအေးဖြင့် စည်းရုံး ကြည့်နေခြင်းဖြစ်သည်။

ဦးဗညားတစ်ယောက် လုံဝလက်မခံ။ သူ့ဘာဝချမ်းသာဖို့ကိုသာ သူတွက်ထားသည်ပဲ သူ့လိုလူမျိုးက အရှားသား။ ကိုယ့်ဘို့သာ ကိုယ် သိသည်။

"ခင်ဗျား သိပ်ပြီးစိုးရိမ်နေနဲ့လေ၊ ခင်ဗျားပစ္စည်းကို ပြန်ပေးဘို့ ကျုပ် မရမက ကြိုးစားပြီးရှာခဲ့တာပဲ၊ ကျုပ်ဟာ နာမည်တစ်လုံး တည်းနဲ့နေတာ"

"ကျုပ် ခင်ဗျားရတနာကို ပြန်ပေးမှာပါ ဦးဗညား"



www.burmeseclassic.com

www.burmeseclassic.com


"ရော့ ခင်ဗျားရတနာတွေကို စစ်ကြည့်လိုက်ပါအုံး"

"တော်ကြာလိုနေအုံးမယ်"

ဦးဗညားတစ်ယောက် ကျောက်လက်ဝါး၏ လှည့်စားမှုတွင် အငိုက်မိသွားခြင်းပင်။ လောဘဇောတက်ပြီး ကျောက်လက်ဝါး လက်မှ ရတနာသေတ္တာအား လှမ်းအယူ၌ ကျောက်လက်ဝါးက ရတနာသေတ္တာကို အောက်ဘက်သို့ နှိမ့်ချလိုက်ပြီး ဦးဗညား၏ လက်ပြင်ကို ကန်ထည့်လိုက်သည်။

"ဖုန်း . . အား"

ဦးဗညား သေနတ်ရေထဲသို့ ကျသွားပြီး ခန္ဓာကိုယ်ကြီးက မော်တော်ပေါ်သို့ မှောက်ကျသွားသည်။

ဘရဏီတစ်ယောက် သဘောပေါက်လိုက်ပြီး အံ့အားသင့်နေသော ဂျိန်း၏ သေနတ်ကိုင်ထားသော လက်အား ဖမ်းဆွဲပြီး လိမ်ချိုး

www.burmeseclassic.com



လိုက်သည်။

"ဖျောင်း" "အား"

နာဂကီက ကျောက်လက်ဝါးကို သေနတ်ဖြင့်လှမ်းပစ်လိုက်ပြန်သည်။

" ဒိုင်း .. . ဒိုင်း "

ကျောက်လက်ဝါးက သူ၏ ကိုယ်အပေါ်ပိုင်းအား နောက်သို့ လှန်ချကာ ရှောင်လိုက်ပြီး ခါးကြားမှ သေနတ်ထုတ်ကာ ပစ်ချလိုက်သည်။

" ဒိုင်း . . အီး "

နာဂကီကို မဲ၍နေသော ကျောက်လက်ဝါးကို ဦးဗညားက နောက်မှ ခုန်အုပ်ကာ ဖမ်းချုပ်လိုက်သည်။

ကျောက်လက်ဝါးက ဖမ်းချုပ်လာသော ဦးဗညား၏ ကိုယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အား သူ၏ ခါးစောင်းဖြင့် အားယူကာ ကိုယ်လုံးပေါ်မှ ကျော်၍ ကိုင်ပေါက်ချလိုက်သည်။

" တဲကွာ သွားစမ်း "

" ဗွမ်း "

ဦးဗညားတစ်ယောက် ရေထဲသို့ ဒိုင်ဗင်ပစ်ကျသွား၏။

သွေးများက ရေထဲတွင် မြင်မကောင်း ..

ဂျိန်းတစ်ယောက် မော်ပေါ်ပေါ်တွင် ကြောင်ပြီး ရပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘရဏီက သေနတ်ဖြင့် ထိုးချိန်လိုက်ကာ

" ကဲ ရှင် ကိုယ့်ဖာသာ ရေထဲ ခုန်ချမလား၊ ရှင့်ကို သတ်ပြီးမှ ရေထဲပစ်ချလိုက်ရမလား၊ ကြိုက်တဲ့လမ်းကိုသာ ရွေးပေတော့ "

သေနတ်ပြောင်းဝ နားထင်ကိုမတေ့ပြီး မေးလိုက်သော ဘရဏီ၏ အမေးကြောင့် ဂျိန်း ပင်လယ်ရေမျက်နှာပြင်အား ကြည့်လိုက်ရာ ငမန်းများက ဦးဗညား၏ ခန္ဓာကိုယ်ကြီးအား ကိုက်ဖဲ့စားသောက်နေသည်ကို တွေ့လိုက်ရသဖြင့် ကျောချမ်းသွားသည်။

" ငါ့ အသက်ကိုတော့ ချမ်းသာပေးကြပါကွာ၊ ငါ တောင်းပန်ပါတယ် "

" ရှင်တို့ ကျွန်မဖေဖေနဲ့ မေမေကို သတ်ခဲ့ကြတုန်းက ဒီလို မျက်နှာပေးမျိုး မဟုတ်ခဲ့ပါဘူးနော်၊ သူ့အလှည့် ကိုယ့်အလှည့် ဆိုတာ ရှိစမြဲဆိုတာ ရှင် သဘောပေါက်ထားလိုက်ပါ "



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်ဂိုဏ်းတစ်ယောက် ပင်လယ်ထဲသို့ ပုံပျက်ပန်းပျက် ဖွန်းထိုးမှောက်ခုံထိုးကျသွားတော့သည်။

ဘရဏီ မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်ပြီး ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိသည်။

သူမတို့၏ ပျော်ရွှင်စရာဘဝလေးအား ရက်စက်ယုတ်မာစွာဖြင့် ဖျက်စီးခဲ့သော လူဆိုးလူမိုက်များကို သူမ ချေမှုန်း အနိုင်ယူနိုင်ခဲ့ပြီးတည်း. . . .

သူမကလေးဘဝက ပျော်ရွှင်စရာဘဝကလေးများကို ပြန်ပြီးမြင်ယောင်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . . သမီးလေး ဒါဖေဖေ မိုးကုတ်က ဝယ်လာတာ၊ ငါ့သမီးဖို့"

ဦးနေဒွန်း သမီးငယ်အား ပတ္တမြားသုံးလုံးစီထားသော ရွှေဆွဲကြိုးလေးအား ဆွဲပေးလိုက်သည်။

" ဟင် ကိုကို ရှယ်လီ့အတွက် ကျတော့ကောမပါဘူးလား "

မေမေက အခန်းထဲမှ ပြေးလာပြီး ပြောလိုက်သည်။

" ဟာ ရှယ်လီရယ်၊ ကို မေ့လာခဲ့တယ် နောက်တစ်ခေါက်ကျတော့ယူနော် "

ဖေဖေကပြောပြီး သူမအား မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

" ဟင် ကိုကိုက ခွဲခြားခွဲခြားနဲ့၊ သူ့သမီးကျတော့ ဆွဲကြိုးတွေဘာတွေ ဝယ်ပေးပြီး ရှယ်လီ့ဖို့ကျတော့ ဘာမှလည်းပါမလာဘူး"

ဖေဖေ အားရပါးရ အော်ရယ်လိုက်ပြီး . .

www.burmeseclassic.com

www.burmeseclassic.com



" ဟား . . ဟား . . ဟား ရှယ်လီရယ်၊ သမီးက စာမေးပွဲလဲ အောင်တယ်၊ နောက်ပြီး လိမ်လည်း လိမ်မာတယ်၊ ပြောစကားလဲ နားထောင်တယ်၊ ဟုတ်တယ်မို့လား သမီး "

" ဟုတ်တာပေါ့ ဖေကြီးရ "

ဒေါ်ရှယ်လီတစ်ယောက် ဒေါ်သထွက်ကာ ဦးနေဒွန်းတို့သား အဖအား လက်သီးဆုပ်ပြီး လိုက်ထုနေတော့သည်။

" သားအဖနှစ်ယောက် တော်တော် အတိုင်အဖေါက်ညီနေ တယ်၊ ဟွန်း သိမယ် "

" ဖေကြီးရေ ပြေးတော့ မေကြီး လာပြီ "

သားအဖနှစ်ယောက် အိမ်အပြင်သို့ တစ်ကျိုးတည်း ပြေးထွက် ခဲ့တော့သည်။

" ဟား . . ဟား . . ဟား ရှယ်လီရယ်၊ ကလေးတွေနေတာဲ

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီ မွေးပေးလို့ ဒီချစ်သမီးလေးကို ကိုယ်ရတာ၊ ရော့ ဒီမှာ ရှယ်လီ့အတွက် နီလာလက်ကောက် "

" စောစောစီးထဲက ပေးပါလား "

ဒေါ်ရှယ်လီတစ်ယောက် ဦးနေဒွန်းအနား ကပ်လာပြီး ဦးနေဒွန်း ၏ နဖူးပြင်အား ကြင်နာစွာဖြင့် ငုံ့ပြီး နမ်းလိုက်သည်။

" ဟော ဒါမှ ဒို့ဖေဖေကြီးကွ၊ မေကြီးက ဖေကြီးကို နမ်းတယ် ဟေ့ "

ဘုရင်ဏီလေးက အားရပါးရ ထအော်လိုက်လေသည်။ မေမေ က ဖေဖေ့ရင်ခွင်ထဲမှာ တပြုံးပြုံးဖြင့် ဝမ်းသာပီတိ ဖြစ်နေသည်။

တစ်နေ့တွင် ဖေဖေအကြီးအကျယ် ဒေါ်ပွနေတော့သည်။ ဖေဖေ ဒေါ်သတွေ အရမ်းဖြစ်နေ၏။ ဒီလောက် ဖေဖေ ဒေါ်သ ထွက်တာ ဘုရင်ဏီတစ်ခါမှ မမြင်တွေ့ဖူးပေ . . ။



www.burmeseclassic.com

www.burmeseclassic.com



" တောက် . . ကျေးဇူးရှိမှ ကျေးစွပ်တာ ဒီလိုကောင်စားပဲ ခွေးလောက်မှ သစ္စာမရှိတဲ့အကောင် "

မေမေက အခန်းတွင်း ပြေးထွက်လာပြီး . .

" ကိုကို အလန့်တကြားနဲ့ ရှယ်လီ ရင်တွေ တုန်လိုက်တာကွယ်၊ ရှယ်လီ့ကို အကျိုးအကြောင်းလဲ ပြောပြပါဦး "

" ဟိုကောင် ဗညားပေါ့၊ ငါ့မျက်နှာကို အိုးမဲသုတ်သွားတာလေ"

" ရှယ်လီ နားမလည်သေးဘူး ကိုကို "

" ဒီလို ရှယ်လီရေ၊ ကိုကို အိုက်ပန်ဆီက ကျောက်နှစ်လုံးကို အကြီးပဲဝယ်ပြီး အသေးကို ပြန်ပေးခဲ့တယ်၊ အဲဒီကျောက်အသေးကို ဗညားက ကလိန်ကကျစ်လုပ်ပြီး သူ့ဆီက ထမင်းစားကျောက်နဲ့ လဲယူခဲ့တယ်လေ၊ တော်တော် ယုတ်မာတဲ့ ကောင်စားမျိုး "

" အဲဒီကျောက်က ဘယ်လောက်ထိ တန်လို့လဲ ကိုကို "



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆယ့်ငါးသိန်းလောက်တန်တယ်၊ ကိုယ်ပဲရော်ရတော့မှာပဲ ဒီကောင်မှာက အကြွေးပတ်လည်ဝိုင်းနေတာ"

"သူ့ကျေးဇူးလည်း ရှယ်လီတို့ဆီမှာ ရှိပါတယ် ကိုရယ်၊ အစားသာ လျှော်ပေးလိုက်ပါ"

မေမေက ကြားမှ ဖြန်ဖြေပြီး ပြောလိုက်သည်။ ဖေဖေနှင့် မေမေဟာ ဦးဗညားကြီးအပေါ်မှာ ဒီလောက်အထိတောင် ကောင်းခဲ့ကြတာပါ။

တစ်ပါတ်ခန့် ကြာတော့ ဦးဗညား ဘရဏီတို့ အိမ်ရောက်လာခဲ့သည်။

"မင်းဟာ ခွေးပေါက်လောက်မှ အသိဉာဏ်မရှိတဲ့ကောင်ပဲ ဗညား၊ မင်းကို ငါအထင်ကြီးခဲ့တာအားလုံး အလကားပဲ၊ ခွေးဘာမှ သခင်အပေါ်မှာ သစ္စာရှိအုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗညားတစ်ယောက် သူ့ကို ခွေးနှင့် နှိုင်းသဖြင့် ဆတ်ဆတ်ခါနာသွားသည်။

"ခင်ဗျား ကျုပ်ကို ခွေးနဲ့မနှိုင်းပါနဲ့ ဦးနေဒွန်း"

"နှိုင်းရုံတင်မကဘူး မင်းကို ဒီလိုလုပ်ချင်တာ"

"ကိုင်းကွာ"

"ဖျောင်း . . အား"

"ခွပ် . . ခွပ်"

ဦးဗညားကြီးမှာ ကြမ်းပြင်ပေါ်တွင် ညီးညူနေသည်။

ဘုရင့်ကိုလေးခမျာ လိုက်ကာကြားမှ ချောင်းကြည့်နေရာမှ ဖေဖေဒေါ်သထွက်ပုံကို ကြည့်နေရာမှ ဖေဖေ ဒေါသထွက်ပုံတို ကြည့်ပြီး ကြောက်လွန်းသဖြင့် တစ်ဆက်ဆက် တုန်နေတော့သည်။

ဖေဖေက ဦးဗညား၏ အင်္ကျီကော်လံစအား ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ ဗညား၊ အိုက်ပန်ကို ငါ သူရဲ့ ကျောက်တန်ဖိုးအတိုင်း လျှော်လိုက်မယ်၊ မင်းနဲ့ကတော့ ဒီနေ့ကစပြီး ဇာတ်လမ်းပြတ်ပြီ"

ဦးဗညားကြီးတစ်ယောက် တောက်ခတ်ပြီး အိမ်ပေါ်မှ ဆင်းသွားသည်ကို ချောင်းကြည့်နေသော ဘရဏီ တွေ့လိုက်ရသည်။

မိုးကုတ်မှ ပတ္တမြားကြီး ဝယ်လိုက်သည်မှစ၍ ဘရဏီတို့၏ မိသားစုပျော်ရွှင်စရာ ဘဝလေးပျက်စီးခဲ့ရခြင်း ဖြစ်သည်။ ဖေဖေ တစ်ယောက် ဦးဗညားကို ချော့မော့ပြီး ပြန်ခေါ်လာသည် ထင်၏။ ဦးဗညားမျက်နှာကတော့ ခက်ထန်မာကျောနေသည်။ ဖေဖေ့ကို ကျေနပ်ပုံမရ။

"ငါ မိုးကုတ်မှာ ပတ္တမြားတစ်လုံးသွားကြည့်ဖို့ ရှိတယ် ဗညား၊ ငါ့ကို ကူညီပါဦး"

"ကျုပ်ကို ဘယ်လောက်ပေးမှာလဲ ဦးနေဒွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဗညားစကားကြောင့် ဦးနေဒွန်းမျက်နှာပျက်သွား၏။ အတတ်နိုင်ဆုံး သူ ပြန်ထိန်းလိုက်ပြီး . . . .

"ဆရာ မင်းကို အနည်းဆုံး ရှစ်သောင်းအထိ ပေးမယ်ကွာ"

"ဒါဆိုပြီးရော လိုက်မယ်"

- ဦးဗညား၏ အဖြေက တုံးတိတိ နိုင်လှသည်။ ထိုပတ္တမြားကြီးရောက်သော ညမှာပင် ဘရဏီတို့ မိသားစုလေး ကြမ္မာဆိုးဝင်တော့သည်။ ဖေဖေနှင့် မေမေကတော့ မသိရှာကြပေ။ ပျော်ရွှင်စွာဖြင့် သားအမိ သားအဖတစ်တွေ ညစာစားခဲ့ကြ၏။

"ကိုကို ဗညားကို ကြည့်ရတာ ရှယ်လီတို့ကို ကျေနပ်ပုံ မရဘူးနော်"

"ကိုကို့ဘက်ကလည်း လွန်သွားတာကိုး ရှယ်လီရဲ့၊ ကိုကိုတို့ချမ်းသာလာတာ သူ့ကျေးဇူးမကင်းဘူး ရှယ်လီ၊ မေ့မပစ်ပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူရဲ့တပည့် ဦးဗညားကို တော်တော်သံယောဇဉ်ကြီးတာပဲ။ မေမေကိုပင် အပြစ်မယူဖို့ ပြောရသေးတော့သည်။

"ကိုကို ပြောတာလည်း ဟုတ်ပါတယ် ကိုကို၊ ရှယ်လီက ကိုကို့ကို သူ အညိုးထားပြီး ရန်ရှာမှာစိုးရိမ်လို့ပါ။

ဖေဖေနှင့် မေမေဟာ ဦးဗညားအပေါ် မေတ္တာမပျက်ခဲ့ပေ။ ဦးဗညားတစ်ယောက်ကတော့ဖြင့် နားမလည်ခဲ့ပေ။ သူ့အပေါ် ကျေးဇူးကြီးမားခဲ့သော ဖေဖေ့အပေါ် အမျက်သို ရန်ညိုးကြီးစွာ ထားခဲ့လေ၏။

မိုးကုတ်မှ ပတ္တမြားကြီးရောက်သည့်ညမှာပင် ဦးနေဒွန်းနှင့် ဒေါ်ရှယ်လီတို့ ကြမ္မဆိုး ဝင်တော့သည်။

" ဝိုင်း "

" ဒိုင်း "



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်လှသော လဲပြိုကျသံများကြောင့် ဘရဏီလေး အိပ်ရာမှ လန့်နိုးလာခဲ့သည်။

(ဖေဖေနဲ့မေမေအခန်းဘက်ကပဲ ဘာဖြစ်တာလဲ မသိဘူး ငါ သွားကြည့်ဦးမှာပဲ)

သူမဖေဖေနှင့် မေမေဆီသို့ ပြေးထွက်လာခဲ့သည်။

အခန်းဝအရောက်တွင် မြင်ကွင်းက သွေးပျက်စရာဝင်။ ဖေဖေနှင့် မေမေမှာ သွေးအိုင်ထဲတွင် လဲကျနေသေဆုံးနေပြီ အခန်းထဲတွင် လူဆိုးများက သေနတ်ကိုယ်စီနှင့် . . .

" တောက် "

သူ အခန်းတွင်းသို့ ပြေးဝင်လိုက်ပြီး ခေါင်းဆောင်သူ၏ မျက်နှာကို လက်သည်းများဖြင့် ကုတ်ဖဲ့ပစ်လိုက်သည်။

" ငါ့ဖေဖေနဲ့မေမေကို လုပ်တဲ့သူတွေ "



www.burmeseclassic.com

www.burmeseclassic.com



" ကဲဟာ . . . ကဲဟာ "

" အား . . . ဟော့ကောင်တွေ၊ ဖမ်းကြစမ်း "

သူမ၏ ကုတ်ဖဲ့လိုက်မှုကြောင့် ခေါင်းဆောင်လုပ်သူမှာ စွပ်ထားသော မျက်နှာဖုံး စုတ်ပြဲသွားပြီး မူလ နဂိုရုပ် ပေါ်လာတော့သည်။

" ဦးဗညားကြီး . . . ဦးဗညားကြီး ဖေဖေနဲ့မေမေကို ဦးဗညားကြီး သတ်လိုက်တယ်၊ လာကြပါဦးရှင် ဖေဖေနဲ့မေမေကို ဦးဗညားကြီးက သတ်လိုက်ပြီ "

" ဟာ . . . ဟေ့ . . . ဟော့ကောင်တွေ ဒုက္ခတော့ ရောက်ကုန်တော့မှာပဲ၊ ဒီကောင်မလေးကို ဝိုင်းပြီး ဖမ်းကြစမ်း "

ဘုရင့်ကေလေးမှာ လိုက်ဖမ်းသူများကို ရှောင်ရှားပြီး အိမ်အပြင်ဘက်ဆီသို့ ပြေးထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများ ထွက်ခွာသွားတော့မှ ဖေဖေနှင့် မေမေ့အား ဖက်ကာ ဘရက်ဇ်လေး ဝမ်းပန်းတနည်း ငိုရှိုက်လိုက်သည်။

အတိတ်ဆိမှ အရိပ်ဆိုးများ တဖြည်းဖြည်း ဘရက်ဇ်၏ အာရုံထဲမှ လွင့်ပျယ်သွား၏။

ဘရက်ဇ် အံကိုတင်းတင်းကြိတ်ပြီး ဇီဒါန်းအား ကြည့်လိုက်သည်။

ဇီဒါန်း၏ မျက်နှာပြင်မှာ ဘီလူးသဘက်တစ်ကောင်ပမာ သူမမြင်မိ၏။

သူမလက်ထဲမှ သေနတ်အား မောင်းခလုတ်တင်လိုက်တော့သည်။

" ကဲ ဒီမယ် ရှင် ကိုယ့်ဘာသာ ပင်လယ်ထဲကိုဆင်းသွားမလား၊ ဒါမှ မဟုတ် ရှင့်ကို သတ်ပြီးမှ ရေထဲကန်ချလိုက်ရမလား၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တဲ့ လမ်းကိုသာရွေးပေတော့ ”

ဘရဏီအသံမှာ နာကျည်းမှုကြောင့် မာကျောခက်ထန်နေသည်။

ဇီဒါန်းတစ်ယောက် သေနတ်ပြောင်းဝဖြင့် နားထင်ကို တေ့ပြီး ဘရဏီက မေးလိုက်သောကြောင့် ပင်လယ်ရေမျက်နှာပြင်ဆီသို့ လှမ်းကြည့်လိုက်မိသည်။

ငမန်းကြီးများမှာ ဦးဗညား၏ ခန္ဓာကိုယ်ကြီးကား တစစီ ကိုက်ဖဲ့စားနေသည်ကို တွေ့လိုက်ရသဖြင့် ကျောထဲစိမ့်ကနဲ ဖြစ်သွားသည်။

“ ရှင်တို့ ကျွန်မဖေဖေနဲ့ မေမေကို သတ်လိုက်ကြတုန်းက ဒီလိုမျက်နှာမျိုး မဟုတ်ပါဘူး ”



www.burmeseclassic.com

www.burmeseclassic.com



ဘရက်ဂီ ဝမ်းနည်းစွာ ငိုရှိုက်နေမိသည်။

" တမလွန်ဘဝကနေပြီး ကျေနပ်ကြပါတော့၊ ဖေဖေနဲ့ မေမေ တို့ရယ် "

တစိမ့်စိမ့် ငိုရှိုက်နေသော ဘရက်ဂီ၏ ကိုယ်လေးအား ကျောက်လက်ဝါး ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

သူမ ဘယ်လောက်ထိတောင် ခံစားနေရမည်နည်း၊ သူ တိုယ် ချင်းစာမိပါသည်။ မျက်ရည်များ သူ၏ ရင်ခွင်၌ စွဲနစ်သွား၏။

" တိတ်ပါ ဘရက်ဂီလေးရယ်၊ လူမိုက်တွေလည်း သူတို့ကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဖန်တီးသွားကြပြီပဲဟာ ”

“ ကိုနဲ့ ဘရဏီ သာယာလှပတဲ့ အနာဂတ်လေး အတူ တည်ဆောက်ကြပါစို့နော် ”

ဘရဏီ တစ်ယောက် ရှက်စနိုးဖြင့် ကျောက်လက်ဝါး၏ ရင်ခွင်ကျယ်ကြီးထဲ သူ့မျက်နှာလေး ဖွက်ထားလိုက်တော့သည်။

စပိဘုတ်ကလေးအား ကျောက်လက်ဝါး မောင်းထွက်လိုက်သည်။

မော်တော်ဘုတ်ကလေးများမှာ ရဲရဲနီစွေးနေသော ပင်လယ်ရေမျက်နှာနှင့် ဝေးရာဆီသို့ ထွက်ခွာလာခဲ့တော့သည်။

*****

ရွှင်လန်းချမ်းမြေ့ကြပါစေ။
[၂၁ - ၁၀ - ၂၀၀၂]



www.burmeseclassic.com